# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၅၁)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ ၁၈-၁-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(သန်လျင်) တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ရေနံချောင်းတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခဌာနမှူးနှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စွမ်းအင်ဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိကြီးများ၊ စွမ်းအင်ဆိုင်ရာအဖွဲ့အစည်း၊ ကုမ္ပဏီများမှ ပညာရှင်များအား ယနေ့တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အောက်မြန်မာပြည်ရုံးခွဲ(စိမ်းလဲ့မေ)၌ တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

**(အပေါ်ယာပုံ)**

**အားပေးဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍသည် အရေးကြီးသောကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း "2025, The Year of Myanmar Energy" ဆောင်ပုဒ်နှင့်အညီ စွမ်းအင်ကဏ္ဍ ခေတ်တစ်ခေတ်ဆန်းသစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးဆက်သစ်ဘူမိဗေဒပညာရှင်များ၊ ရေနံအင်ဂျင်နီယာများ အပါအဝင် စက်မှု၊ ဓာတုအင်ဂျင်နီယာများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး အတွက် Stakeholder များက ဝိုင်းဝန်းပံ့ပိုးအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘာသာရပ်အလိုက် ကျောင်းသူ၊ ကျောင်းသားများအား Scholarship ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပူးပေါင်း၍ ရေနံချောင်းတက္ကသိုလ်၌ ရေနံဘူမိဗေဒဘာသာရပ်ကို ၄ နှစ်ဘွဲ့သင်တန်းအဖြစ် ၂၀၂၅ ခုနှစ် ပညာသင်နှစ်မှ စတင်၍ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့များရရှိပြီးချိန်တွင် မိမိတို့ဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လိုပါက လက်ခံခန့်ထားပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသူများက ဘူမိဗေဒဘာသာရပ်၊ ရေနံအင်ဂျင်နီယာဘာသာရပ်၊ ဓာတုအင်ဂျင်နီယာဘာသာရပ်နှင့် စက်မှုအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်ကြားမှုအခြေအနေ၊ လိုအပ်ချက်များနှင့် ပံ့ပိုးဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကိုလည်းကောင်း၊ လုပ်ငန်းခွင်အတွေ့အကြုံများနှင့် ဗဟုသုတများအပေါ်အခြေခံကာ ပိုမိုကောင်းမွန်သော သင်ကြားရေးစနစ်ဖြစ်စေရေး အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ရှိ စွမ်းအင်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းကျောင်း ဖွင့်လှစ်ပြီးပါက တက္ကသိုလ်များမှ ဆရာ၊ ဆရာမများကို Training For Trainer အစီအစဉ်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ Stake-holder များ ပါဝင်သည့် ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍတွင် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးစေကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀




## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁၈)ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီ ၁၉ ရက်၊ တနင်္ဂနွေနေ့။

# MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပမည်

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက်တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ အပါအဝင် ပြခန်းစုစုပေါင်း ၈၀ ခန့်ဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်သည်။ ထုတ်ကုန်အမျိုးအစားများအတွက် ဆုအမျိုးအစားပေါင်း ၃၁ မျိုး ပေးအပ်ချီးမြှင့်သွားမည်လည်းဖြစ်သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ထုတ်လုပ်လျက်ရှိသည့် ဒေသထုတ်ကုန်ပစ္စည်းများအပေါ် အားသာချက်၊ အားနည်းချက်များကို လေ့လာပြီး လိုအပ်သည်များ ပြုပြင်နိုင်စေရန်နှင့် ပြိုင်ပွဲကျင်းပခြင်းမှ နိုင်ငံတော်အဆင့် ထုတ်ကုန်အမှတ်တံဆိပ်ရရှိမှုအတွက် မိမိထုတ်ကုန်အမှတ်တံဆိပ်အတွက် အာမခံချက်အရည်အသွေးကို စားသုံးသူများ သိရှိခြင်းမှတစ်ဆင့် အကျိုးရလဒ်ရရှိနိုင်စေရန် ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ပြသကြမည့် ဝန်ကြီးဌာနများ၏ ခင်းကျင်းပြသထားရှိမှုများမှတစ်ဆင့် သက်ဆိုင်ရာ အေဂျင်စီများ၊ လုပ်ငန်းရှင်များအနေဖြင့် MSME နှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများထံသို့ လိုအပ်သလိုချိတ်ဆက်နိုင်ရေး၊ အဆိုပါဝန်ကြီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများထံမှ လုပ်ငန်းရှင်များ ရယူနိုင်မည့်အခွင့်အရေးများ၊ နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ စသည့် အခွင့်အလမ်းများ ရရှိစေရန် ကျင်းပခြင်းလည်းဖြစ်သည်။

MSME ပြပွဲ၊ ပြိုင်ပွဲများမှတစ်ဆင့် ထွက်ရှိလာသည့် အဆင့်မြင့်ထုတ်ကုန်ပစ္စည်းအမယ်သစ်များ ထွက်ပေါ်လာပြီး အဆိုပါထွက်ပေါ်လာသည့် အရည်အသွေးမီကုန်ပစ္စည်းများကို ပြည်ပသို့ ပို့ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေရရှိလာမည်ဖြစ်သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်တွင်းမှ ပိုမိုသုံးစွဲရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေပြီး ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ဒေသအလိုက် OROP ဒေသတစ်ခု ထုတ်ကုန်တစ်ခုအောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# YEC ကျောင်းတိုက် ပညာရေးစုံညီပွဲတော်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ ပညာရည်ထူးချွန်ဆုပေးပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြောက်ဥယျာဉ်ရပ်ကွက်၊ အမှတ်(၂၅) ဘက၊ YEC အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းတိုက်ကြီး၏ ပညာရေးစုံညီပွဲတော်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ ပညာရည်ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကို ဦးစွာ သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်း အစရှိသော လှူဒါန်းဖွယ်ရာအဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်တို့ကိုလည်း ဧည့်ခံကျွေးမွေးသွားမည်ဖြစ်သည်။

အခမ်းအနားတွင် တေးသံရှင်အာတွား တည်ထောင်သော "မေတ္တာရှင် စွမ်းသူ"မင်္ဂလာဆိုင်းဖြင့် ထည့်သွင်းဧည့်ခံပေးသွားမည်ဖြစ်သလို၊ ယင်းအကြိုည ၇ နာရီတွင်လည်း နိုင်ငံကျော် အနုပညာရှင်များနှင့် တေးသံရှင်များဖြင့် ဧည့်ခံဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဇိ၁)



# WORLD HINDI DAY (ကမ္ဘာ့ဟင်ဒီနေ့)အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးမြို့ရုံးစိုက် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူး၍ WORLD HINDI DAY(ကမ္ဘာ့ဟင်ဒီနေ့) အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် ညနေ ၃ နာရီက ချမ်းမြသာစည်မြို့နယ် ၆၅လမ်း၊ သိပ္ပံလမ်းနှင့် ၄ရွှေဝါလမ်းကြားရှိ အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးတွင် ကျင်းပသည်။ အခမ်းအနားကို အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် HE.Sundeep Kaushal က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ကောင်စစ်ဝန်ချုပ်ရုံးအဖွဲ့များက ကမ္ဘာ့ဟင်ဒီနေ့အကြောင်း ပြောကြားကြသည်။

(အပေါ်ပုံ)

အခမ်းအနားသို့ တက်ရောက်လာသော မန္တလေးမြို့ရှိ အိန္ဒိယနွယ်ဖွားများသည် ဟင်ဒီကဗျာများ ရွတ်ဆိုခြင်း၊ ပုံပြင်ပြောခြင်း၊ သီချင်းဆိုပြိုင်ပွဲများ ကျင်းပပြီး ဆုရရှိသူများအား မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်က ဆုများချီးမြှင့်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

၀-၀-၀-၀-၀

# လူငယ်စကားဝိုင်း ကျင်းပ

**မင်းဘူး ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မြို့မတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက မြို့မကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

(အောက်ပုံ)

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တူးတူးက အဖွင့်အမှာစကားပြောကြားပြီး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဝါဝါလှိုင်က လူငယ်စကားဝိုင်းအကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ချိုချိုဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ အ·ထ·က(ခွဲ) မြို့မကျောင်း Grade - 9 နှင့် Grade - 10 မှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် အင်တာနက်၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး၊ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူလေးများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည် ရှင်းလင်းဖြေကြားသည်။ ဆွေးနွေးပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော အသိပညာပေး နံရံကပ်ဘုတ်များအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(၅၀၄)



# အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ) အာစရိယပူဇော်ပွဲနှင့် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုနှုတ်ဆက်ပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)တွင် (၂၀၂၄-၂၀၂၅)ပညာသင်နှစ် အာစရိယပူဇော်ပွဲနှင့် နောက်ဆုံးနှစ်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။




အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီး ဦးစိန်ကျော်လှိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မေဂျာအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား ကန်တော့ခဲ့ကြရာ ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများက ဆုံးမသြဝါဒများပေးခဲ့ကြသည်။ ၄င်းနောက် ကျောင်းအုပ်ကြီးက ထူးချွန်ကြသည့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

(ဝဲပုံ)

အဆိုပါ အခမ်းအနားကို အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၆၉)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ) ဖြေဆိုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။ (ယာပုံ)

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)ပွဲ၌ အဘိဓမ္မာ (ဒုတိယပိုင်း) တွင် စာရင်းသွင်း သံဃာတော် လေးပါးရှိပြီး ဖြေဆို သံဃာတော် လေးပါး၊ အဘိဓမ္မာ (ပထမပိုင်း) တွင် စာရင်းသွင်း သံဃာတော် ၁၇ ပါးရှိပြီး ဖြေဆိုသံဃာတော် ၁၅ ပါး၊ ဒီဃနိကာယ်ကျမ်းတွင် စာရင်းသွင်း သံဃာတော် ၃၈ ပါးရှိပြီး ဖြေဆိုသံဃာတော် ၃၅ ပါး၊ ဝိနည်း (ပထမပိုင်း)တွင် စာရင်းသွင်း သံဃာတော် ၁၂၆ ပါးရှိပြီး ဖြေဆိုသံဃာတော် ၁၁၃ ပါးတို့ဖြစ်သည်။

ယနေ့ ဖြေဆိုကြသည့် သံဃာတော်များနှင့် ကြီးကြပ်ဆရာတော်များအား နေ့ဆွမ်းအလှူရှင် ဒေါက်တာမျိုးထက်အေးနှင့်ဇနီး မိသားစုများ၊ သာကေတမြို့နယ်မှ ပရဟိတအကျိုးဆောင် အလှူရှင်များအဖွဲ့ (ရန်ကုန်) နှင့် ဗီယက်နမ်နိုင်ငံ သာသနာပြုကုသိုလ်အဖွဲ့မှ အချိုရည်နှင့် ရဟန်းအသုံးဆောင်ပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

တနင်္သာရီကမ်းရိုးတန်း ဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းတိုက်နယ်ဆေးရုံတွင်အခြေပြု၍ မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၃၁၁ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၇ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၉ ဦး၊ ကလေးရောဂါ ၄၅ ဦး၊ အရိုးရောဂါ ၃၃ ဦး၊ နားနှာခေါင်း၊ လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၅၁ ဦးနှင့်





သွားနှင့်ခံတွင်းရောဂါ ၅၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာသုံးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ခြောက်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၀ နှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၂ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည် -

ဒီလိုမျိုးစေတနာနဲ့ ဆေးကုသလာပေးတဲ့ ဆရာ ဆရာမတွေ စေတနာရှိရှိနဲ့ပေါ့။ ရွာသူရွာသားတွေကို ချစ်တဲ့စိတ်နဲ့ လာကုပေးတဲ့ အတွက်ကြောင့်မလို့ ကျေးဇူးတင်တယ်။ တကယ်လို့များ မြို့မှာသွားရင် လမ်းစရိတ်တွေအများကြီး ကုန်တာပေါ့နော်။ တချို့ဆိုရင်သွားချင်သော်လည်း ငွေကြေးကလည်း မလုံလောက်တဲ့ အတွက်ပေါ့နော်။ အခုစေတနာနဲ့ လာလုပ်ပေးတဲ့ အတွက်ကြောင့် မလို့ကျေးဇူးတင်တယ်။**သတင်းစဉ်**

# ကလောမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် တောင်လားကျေးရွာအုပ်စု မြင်းဒိုက်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဖောင်တော်ဦး ကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ (ယာပုံ)

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၉၈ ဦးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ သံဃာတော် ၇၉ ပါးနှင့် ဒေသခံပြည်သူ ၁၂၄ ဦးတို့ကို ကန်သာယာမွေ့ရာ၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဗန်းမော်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ပြတိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေမှု အခြေအနေနှင့် စပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုတို့အား ကြည့်ရှု

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ ဗန်းမော်ကျောင်းတိုက်ကြီးတွင် ဗန်းမော်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ပြတိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေမှု အခြေအနေနှင့် ကျောင်းတိုက်ဝင်းအတွင်း စပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗန်းမော်ကျောင်းတိုက်သို့ ရောက်ရှိပြီး ဗန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူပြီးနောက်ပိုင်း ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ပြတိုက်အား ပြတိုက်အင်္ဂါရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများအား လိုက်လံကြည့်ရှုရာ ပြတိုက်တွင် ဗန်းမော်ဆရာတော်ဘုရားကြီး စုဆောင်း ပူဇော်ခဲ့သော ဓာတ်တော်မွေတော်များ၊ ကိုးကွယ်ခဲ့သော ဗုဒ္ဓဆင်းတုတော်များ၊ ဘုရားခြေတော်ရာ၊ ပြည်တွင်းပြည်ပ အလှူရှင်များ ဆက်ကပ်လှူဒါန်းထားသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဆရာတော်ဘုရားကြီး၏ ပုံတူရုပ်တုနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဆရာတော်ဘုရားကြီးမှ လှူဒါန်းထားသော ဂုဏ်ပြုလွှာများကို ပြတိုက်အင်္ဂါရပ်နှင့်အညီ ခင်းကျင်းပြင်ဆင်ထားရှိမှုများ၊ ကျောင်းတိုက်ရှိ အာနန္ဒာစေတီတော်အတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စေတီတော်ပရဝဏ်တွင် မြေယာရှုခင်းများ ဆောင်ရွက်ပြီးစီးမှုများကို လည်းကောင်း၊ ကျောင်းတိုက်ကြီးအတွင်း စပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လည်းကောင်း လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။





၎င်းနောက် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး သာသနနုဂ္ဂဟမ္ဗောရုံ ရွှေထီးတော်တင်မင်္ဂလာနှင့် ဘုရားအနေကဇာတင် မင်္ဂလာအခမ်းအနားသို့ ရောက်ရှိပြီး ပြည်ကြီးတံခွန်မြို့နယ် မဟာဝိဇိတာရာမတိုက်၊ တိုက်အုပ်၊ သစ္စာအောင်မြေကျောင်းဆရာတော်၊ သဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တဩဘာသပဏ္ဍိတအမှူးပြုသော ဆရာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အတိုင်း ကျင်းပခဲ့ပြီး ဆရာတော်များထံ ပြာသာဒ်တော်တွင် တင်လှူပူဇော်သည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို တိုင်းဒေသကြီးဥပဒေချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် သာဓုအနုမောဒနာ တရားနာယူကာ ရေစက်သွန်းချ အမျှအတမ်းပေးဝေ၍ အစီအစဉ် အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









သတင်း-စာမျက်နှာ ၄









# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် မအူပင်ခရိုင် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၈

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာ လောကသရဖူသွန်း ဘုရားကြီး၊ ရာပြည့်နေသိဒ္ဓိ တန်ဆောင်းတော်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၆၇၅ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၅၆ ဦး၊ ခွဲစိတ်ရောဂါ ၆၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၅၇ ဦး၊ အရိုးရောဂါ ၁၀၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၉၂ ဦး၊ မျက်စိရောဂါ ၉၃ ဦး၊ သွားရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် အထွေထွေခွဲစိတ်လူနာ ၁၇ ဦး၊ မျက်စိခွဲစိတ်လူနာ တစ်ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၂၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာငါးဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည် -





၁။ ကန်းနေတဲ့လူတစ်ယောက် ကကောင်းသွားတော့ ပိုဝမ်းသာတာပေါ့။ အဘွားကို ခွဲမယ်ဆိုကတည်းက ဝမ်းကိုသာသွားတာ အဘွား နဂိုကတည်းက ကြောက်တယ်။ တစ်ခါဆေးရုံသွားပြတုန်းကတည်း သွေးပေါင်တွေကျပြီးတော့ ဂလူးကို့တွေ ချိတ်ရတယ်။ အခုဒီမှာ ဝမ်းသာအားရလည်းရှိတယ်။ အားလည်းပါတယ်။ အကုန်လုံးကျေးဇူးတင်ပါတယ်။ အဘွားကတော့ တာဝန်ရှိတဲ့လူတွေရောပါ အကုန်ကျေးဇူးတင်ပါတယ်။ အဲဒီလိုလာပြီးတော့ သတ္တဝါတွေကို ကယ်ဆယ်တာ အဘွားတို့ အကုန်လုံးကျေးဇူးတင်ပါတယ်။







၂။ ဒီကျုံစုတ်ကျေးရွာမှာ နယ်လှည့် ဆေးကုသရေးအဖွဲ့ ရောက်တယ်ကြားလို့ ကျွန်တော့ လက်မောင်းက အကျိတ်လေးကို လာပြတာပဲ ဖြစ်ပါတယ်။ ဒီအကျိတ်က နှစ်နှစ်လောက်ရှိပါပြီ။ စာရေးတဲ့အခါမှာ လက်မောင်းက အကျိတ်က ခိုးလိုးခလုနဲ့ ကိုက်တယ်။ အဲတာကြောင့် ဒီမှာ လာရောက် ပြသရတာပဲဖြစ်ပါတယ်။ ကျွန်တော်ဒီမှာလာပြီး ကုသတဲ့အချိန်မှာ ဆရာဝန်တွေကလည်း စိတ်ရှည်လက်ရှည်နဲ့ ကုသပေးပါတယ်။ အဖိုးအခလည်း လုံးဝမယူဘူးဆိုတော့ ကျွန်တော့်အတွက် အဆင်ပြေပါတယ်။ အခုလိုမျိုး အဖိုးအခမယူဘဲ လာရောက်ကုသပေးတဲ့ ဆရာဝန်တွေ အားလုံးကိုလည်း ကျွန်တော် ကျေးဇူးအထူးပင်တင်ရှိပါတယ်။ နောက်ထပ်လည်း ခုလိုမျိုး နယ်လှည့်ဆေးကုသရေး အဖွဲ့တွေ ထပ်မံလာရောက်ကုသပေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျာ။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့(၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့(၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ် တတိယ (၃)လပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အရှေ့မြို့ပတ်လမ်းရှိ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုး၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်နိုင်ဦးနှင့် တိုင်းရုံးမှအရာထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ၊ Zoom Online ဖြင့်တက်ရောက်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့များ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်၊ မြို့များသန့်ရှင်းသာယာလှပရမည်၊ မြို့ပြလမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ၊ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရမည်စသည့် ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိတ်စေတနာဖြင့် ဆောင်ရွက်ပေးနေကြသည်ကို တွေ့ရသည့်အတွက် အလွန်ဝမ်းမြောက်ရပါကြောင်း၊ မြို့များသန့်ရှင်းရေးသည် မြို့နေလူထု၏ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း၊ အခွန်၊ အခ၊ အကောက်များကိုလည်း ပြည့်ဝစွာရရှိရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ (၂၀၂၄-၂၀၂၅)ခု ဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ အခွန်နှင့် သာမန်ရငွေ (၉၀ ဒသမ ၀၆) ရာခိုင်နှုန်း၊ အသုံးစရိတ်(သာမန်နှင့် ငွေလုံးငွေရင်း) (၉၄ ဒသမ ၃၀)ရာခိုင်နှုန်းသုံးစွဲနိုင်ခဲ့ကြောင်း၊ ထို့အပြင်(၂၀၂၀-၂၀၂၁)မှ(၂၀၂၃-၂၀၂၄)ခု ဘဏ္ဍာရေးနှစ်အထိ ဖြစ်ပေါ်ခဲ့သော ကြွေးကျန်များအနက်(၈၇)ရာခိုင်နှုန်း ပြန်လည်ကောက်ခံရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။ ကြွေးကျန်အများဆုံးဖြစ်ပေါ်သော မြို့နယ်များသို့ နှိုးဆော်စာဖြင့် ကောက်ခံစေကြောင်း၊ ရေပေးဝေခြင်းနှင့် စပ်လျဉ်း၍ ကြွေးကျန်အများဆုံးဖြစ်ပေါ်ခဲ့သော မြို့များမှာ ရေပေးဝေနိုင်ခြင်းမရှိဘဲ ခန့်မှန်းစည်းကြပ်နေသည့် ရေမီတာများဖြစ်ပေါ်နေကြောင်း၊ လျှပ်စစ်ပုံမှန်မရရှိခြင်း၊ ရေပိုက်လိုင်းများ ဟောင်းနွမ်း၍ ပိတ်ဆို့ခြင်း၊ ရေမီတာများ ဟောင်းနွမ်းပျက်စီးခြင်း၊ လူနေထိုင်သော်လည်း အသုံးပြုမှုမရှိ၍ ထိန်းသိမ်းခများကိုသာ ကောက်ခံနေရခြင်းစသည့် အားနည်းချက်များ တွေ့ရှိရမှုအပေါ် ပြုပြင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

နှစ်ဟောင်းကြွေးကျန်များကိုလည်း စီမံချက်ချမှတ်ကောက်ခံ၍(၂၀၂၄-၂၀၂၅)ခုဘဏ္ဍာရေးနှစ်တွင် ကြွေးကျန်များ မကျန်ရှိစေရေး အလေးထားဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့အပြင် ငွေကြေးအလွဲသုံးစားမှုများ မဖြစ်ပေါ်စေရေးနှင့် ငွေကြေးလက်ဝယ်ကိုင်ဆောင်မှုများမရှိစေရေးတို့အတွက် မြို့နယ်အမှုဆောင်အရာရှိများက နေ့စဉ်ကြပ်မတ်ဆောင်ရွက်ရန် အထူးအရေးကြီးပါကြောင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းများနှင့် စပ်လျဉ်း၍လည်း တင်ပြသည့် ပုံစံအတိုင်း၊ သတ်မှတ်စည်းကမ်းများနှင့် အညီဆောင်ရွက်ခြင်းရှိ၊ မရှိ ကြပ်မတ်စစ်ဆေးရန် လိုအပ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ)တွင် ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့် အသုံးစရိတ်မျှတစေရန် ဟူသော အချက်ပေါ်တွင် အခြေခံ၍ အခွန်စည်းကြပ်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ အရှုံးမပေါ်စေရေး တတ်နိုင်သမျှ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အမှိုက်နှင့် အညစ်အကြေးသိမ်းဆည်းခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ စနစ်တကျ စည်းကြပ်နိုင်ရန် ကွင်းဆင်းကောက်ယူရန် လိုအပ်ကြောင်း၊ ဝင်ငွေနှင့် အသုံးစရိတ်မျှတစေရန် နှုန်းထားသတ်မှတ်ချက်များကိုလည်း စိစစ်ရန်လိုအပ်ပါကြောင်း။

အမှိုက်သိမ်းဆည်းခြင်းနှင့် ပတ်သက်၍ သန့်ရှင်းသာယာလှပရေး၊ အမှိုက်များ စနစ်တကျ စွန့်ပစ်ရန် ''ဒို့ကမ္ဘာမြေသာယာဖို့ အမှိုက်စနစ်တကျ စွန့်ပစ်စို့'' အမှိုက်အိတ်များ ဖြန့်ဝေခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပညာပေးခြင်းများကို ဆောင်ရွက်၍ အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်နှင့် စီမံချက်တွင် ပထမဦးစားပေးအဖြစ် မြို့တစ်မြို့နှင့် တစ်မြို့ဆက်သွယ်သည့် လမ်းဘေးဝဲ၊ ယာရှိ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။ လုပ်ငန်းများအချိန်မီပြီးစီးရန်နှင့် စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ပြီး အခက်အခဲများရှိပါက တင်ပြကြရန်နှင့် ဖြည့်ဆည်းပေးနိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းပါတည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီး၍ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စည်ပင်သာယာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စေတနာပါပြီး တာဝန်ကျေပွန်အောင် ဆောင်ရွက်ပေးကြရန်လိုအပ်ပါကြောင်း၊ အသုံးစရိတ်များ သုံးစွဲရာတွင် လေလွင့်မှုမရှိစေရေးနှင့် အမှန်တကယ်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို မြေပြင်တွင် ကွင်းဆင်းစိစစ်၍ ဖြည့်ဆည်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းနှင့် မြို့တစ်မြို့စဉ်ဆက်မပြတ် စည်ပင်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဖွဲ့ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် ဟန်ချက်ညီညီကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းပါကြောင်းစသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၌ ကျင်းပခဲ့သည့် အစည်းအဝေးပွဲများသို့ မြို့တော်ဝန်တက်ရောက်ခဲ့စဉ် လေ့လာခဲ့သော မြို့တော်များ သာယာလှပရေးဆောင်ရွက်ထားရှိမှု မှတ်တမ်းဓာတ်ပုံများနှင့် ဗီဒီယိုတို့ကို Video Clip ဖြင့်ပြသသည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးက မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ မြို့လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အစည်းအဝေးသို့ တက်ရောက်ကြသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် Zoom online ဖြင့် တက်ရောက်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်အတွင်း မိမိတို့မြို့နယ်အလိုက် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ မြို့ပြလမ်း၊ တံတား၊ ရေပေးရေး၊ အမှိုက်သိမ်းဆည်းခြင်း၊ အခွန်အခများကောက်ခံခြင်း၊ ဘဏ္ဍာငွေ(ရသုံး) စာရင်းရှင်းတမ်းနှင့် အခွန်ကြွေးကျန်များ ကောက်ခံရရှိမှု၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်ချက်များကို အသီးသီးရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာသူများက မိမိတို့မြို့နယ်အလိုက် လုပ်ငန်းအခက်အခဲများ ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး စည်ပင်သာယာလှပရေးအဖွဲ့ ညွှန်ကြားရေးမှူးက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။ ထို့နောက် တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီး မြို့တော်ဝန်က ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ခရိုင်မြို့ကြီးများတွင် လမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရန် တစ်လလျှင်(၂)ကြိမ်နှုန်းဖြင့် လမ်းများရေဆေးခြင်းလုပ်ငန်းဆောင်ရွက်သွားရန်၊ အထက်အဆင့်ဆင့်မှ လမ်းညွှန်မှာကြားချက်များအား အမြန်ဆုံးပြီးစီးဆောင်ရွက်ကြရန်၊ သစ်ပင်ကြီးများဝဲ၊ ယာရှိ ခြုံနွယ်ပေါင်းပင်များ ရှင်းလင်းပြီး အပင်ကြီးများ၏ အကိုင်းအခက်များ မြေပြင်မှ ၁၀ ပေအမြင့် တစ်ညီတည်းဖြစ်အောင် ဆောင်ရွက်ပေးရန်၊ နေအိမ်များ၊ ဆိုင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းနှင့် ဆေးရုံများရှေ့ ဝင်းခြံများ စနစ်တကျကာရံခြင်း၊ ဆေးသုတ်ခြင်း၊ သာယာလှပရေး ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာများနှင့် စည်းရုံးဆွေးနွေးပြောကြားရန်၊ ကြွေးကျန်များစနစ်တကျ ကောက်ခံရေး၊ မြို့များတွင် ရေပေးဝေရေးအတွက်(၂၄)နာရီ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ရေး စီစဉ်ဆောင်ရွက်ကြရန်၊ မြို့တွင်းမိန်းလမ်းများတွင် လူကူးမျဉ်းကြား အစရှိသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အမှတ်အသားများ ဆေးလိုင်းများ စနစ်တကျရေးဆွဲ ပေးရန်၊ မြို့အဝင်အထွက် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ပန်းခြံများ တည်ဆောက်ခြင်း လမ်းဘေးဝဲ၊ ယာ ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ဖြင့် ဆောင်ရွက်ပေးကြရန် စသည်ဖြင့်ပြောကြားခဲ့ပြီး အစည်းအဝေးကို ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲတွင် အသင်းခြောက်သင်း ခြေစစ်ပွဲအောင်မြင်ထားပြီး နောက်ဆုံးနေ့တွင် သုံးသင်း ထပ်မံထွက်ပေါ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

လက်ရှိကျင်းပနေသည့် ၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ် ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲ မတိုင်မီ ခြေစစ်ပွဲအောင်မြင်သည့်အသင်း ခြောက်သင်း ထွက်ပေါ်ထားပြီး ဇန်နဝါရီ ၁၉ ရက် နောက်ဆုံးနေ့တွင် သုံးသင်း ထပ်မံထွက်ပေါ်မည် ဖြစ်သည်။

နောက်ဆုံးနေ့ကို ဇန်နဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အုပ်စု (A) ပွဲစဉ်များ အဖြစ် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ဘာရိန်းအသင်းနှင့် ပါလက်စတိုင်းအသင်း၊ မြန်မာ စံတော်ချိန် ည ၇ နာရီတွင် ထိုင်း အသင်းနှင့် လက်ဘနွန်အသင်း၊ အုပ်စု (B) ပွဲစဉ်များအဖြစ် မြန်မာ စံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် အိန္ဒိယအသင်းနှင့် ကာဂျစ္စတန် အသင်း၊ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ဟောင်ကောင်အသင်း၊ အုပ်စု (C) ပွဲစဉ်များအဖြစ် မြန်မာ စံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဩစတြေးလျအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဥဇဘက်ကစ္စတန် အသင်းနှင့် တာ့ခ်မင်နစ္စတန် အသင်း၊ အုပ်စု (D) ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဗီယက်နမ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ မြန်မာ




အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ အသင်း။

စံတော်ချိန် ညနေ ၅ နာရီတွင် မြန်မာအသင်းနှင့် မကာအိုအသင်း ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ဇန်နဝါရီ ၁၇ ရက်ပွဲစဉ်များအပြီးတွင် အုပ်စု (A) မှ ထိုင်းအသင်း၊ အုပ်စု (B) မှ အင်ဒိုနီးရှားအသင်းနှင့် ဟောင်ကောင်အသင်း၊ အုပ်စု (C) မှ ဩစတြေးလျအသင်း၊ အုပ်စု (D) မှ ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ)အသင်းတို့ ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဇန်နဝါရီ ၁၉ ရက်တွင် ကျင်းပမည့် အုပ်စုနောက်ဆုံးနေ့တွင် သုံးသင်းသာ ထွက်ပေါ်မည်ဖြစ်ပြီး အကောင်းဆုံးအုပ်စု တတိယနေရာရ တစ်သင်းပါဝင်မည်ဖြစ်သည်။

ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပနေပြီး အုပ်စုလေးခုမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရ အသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း ကိုးသင်း ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## အီလက်ထရောနစ်နှင့် ကွမ်တမ်နည်းပညာနယ်ပယ်တွင် စိန်၏အခန်းကဏ္ဍ ပိုမိုအရေးပါလာမည်ဟု ဆို

အနာဂတ်၌ အီလက်ထရောနစ်နှင့် ကွမ်တမ်နည်းပညာနယ်ပယ်တွင် စိန်၏အခန်းကဏ္ဍ ပိုမိုအရေးပါလာမည်ဟု အမေရိကန်သုတေသီများဖြစ်သော မိုဟာန်ဆန်ကာရန်းနှင့် ဗွီဆက်ပေစထရန်ဂီတို့နှစ်ဦးက ထုတ်ဖော်ပြောကြားသည်။ ၄င်းတို့နှစ်ဦးသည် ကာဗွန်အခြေပြုဓာတ်ပစ္စည်းများကို နာနိုနည်းပညာဖြင့် အသေးငယ်ဆုံးအဆင့်အထိလျှော့ချပြီး အီလက်ထရောနစ်ပစ္စည်းများထဲတွင် ထည့်သွင်းအသုံးပြုကာ လက်တွေ့စမ်းသပ်ကြည့်ခဲ့ကြသည်။

ထိုသို့ စမ်းသပ်ရာမှ အလွန်ထူးခြားကောင်းမွန်သောရလဒ်များပေါ်ထွက်လာခဲ့ရာမှ အနာဂတ်တွင် စိန်အဆင့်မာကျောသော ကာဗွန်ဓာတ်ပစ္စည်းများကို သုံးစွဲလာကြလိမ့်မည်ဟု ၄င်းတို့နှစ်ဦး သုံးသပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Last Twilight က Y Entertainment Award တွင် ဆုများသိမ်းပိုက်သွား




ထိုင်းအနုပညာဆုပေးပွဲဖြစ်သည့် Y Entertainment Award ဆုပေးပွဲတွင် Last Twilight ဇာတ်လမ်းတွဲမှာ အနုပညာထူးချွန်ဆုများ သိမ်းပိုက်ရရှိသွားသည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါဆုပေးပွဲတွင် Last Twilight က အကောင်းဆုံးဒါရိုက်တာဆု၊ အကောင်းဆုံးဘီအယ်လ်စီးရီးဆုတို့ကို ဆွတ်ခူးရရှိသွားသည်။

မင်းသားအူပွန်မတ်က My Stand In စီးရီးနှင့် အကောင်းဆုံးမင်းသားဆု၊ My Love Mix-Up စီးရီးက အကောင်းဆုံးဇာတ်ဝင်တေးဆု၊ PITBABE က အကောင်းဆုံးထုတ်လုပ်သူဆုနှင့် ပွန်ခရစ်တန်းက Prince Of Boy's Love ဆုတို့အသီးသီး ဆွတ်ခူးရရှိခဲ့ကြကာ ထိုင်းအနုပညာရှင်များစုံညီစွာ တက်ရောက်၍ ဂုဏ်ပြုပေးခဲ့ကြသည်။ (SKY)

## SS501 အဖွဲ့ ဂီတလောကသို့ ပြန်လည်ဝင်လာမည်

၂၀၂၅ ခုနှစ်တွင် အနှစ်(၂၀)ပြည့် အထိမ်းအမှတ်နှင့် ကေပေါ့ပ်ဂီတ SS501 ဂီတလောကသို့ ပြန်ဝင်လာမည်ဖြစ်ပြီး ဂျပန်အယ်လ်ဘမ်နှင့်ဟူ၍ အတည်ပြုထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအဖွဲ့ဝင် ငါးဦးမှာ လွန်ခဲ့သော နှစ်များဆီက ပရိသတ်အသည်းစွဲ ကေပေါ့ပ်အဖွဲ့ဖြစ်ခဲ့ပြီး တွမ်၊ ဆောင်၊ ကျူမင်၊ ဂျွန်ဟူ၍ ချစ်စနိုးအမည်ပေးခံထားသူများဖြစ်ကြသည်။

အဖွဲ့ဝင် ငါးဦးစလုံး နှစ်(၂၀)ပြည့်အထိမ်းအမှတ် ဂီတအယ်လ်ဘမ်အတွက် ပြင်ဆင်နေကြပြီဖြစ်ပြီး Henecia Label က ငြင်းဆိုထားသော်လည်း နောက်ဆုံး၌ ဂျပန်အယ်လ်ဘမ်အဖြစ် ထွက်ရှိလာမည်ဟု အတည်ပြုထားသည်။ (SKY)





## Seungwoo ကို ဝတ်စုံပြည့်နှင့် လိုက်ဖက်သူအဖြစ် မဲပေးထားကြ

ကေပေါ့ပ်မဲပေးရွေးချယ်ရေးအဖွဲ့တစ်ခုဖြစ်သည့် အိုင်ဒေါကင့်မ်မှ ဝတ်စုံပြည့်နှင့်လိုက်ဖက်သော အနုပညာရှင်ကို မဲစနစ်နှင့် ရွေးချယ်ခဲ့ရာ ဆောင်းဝူက မဲအများဆုံးရရှိခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစစ်တမ်းကောက်ယူမှုကို ရက်နှစ်ဆယ်ကြာ ပြုလုပ်ခဲ့ရာ ဆောင်းဝူက မဲအရေအတွက် သုံးသိန်းကျော်ရရှိပြီး ဝတ်စုံပြည့်နှင့်လိုက်ဖက်သူအဖြစ် ရွေးချယ်ခံခဲ့ရသည်။

ဆောင်းဝူက စုစုပေါင်းမဲအရေအတွက် အများဆုံးနှင့် ပထမနေရာရရှိပြီး အိပ်ဗိုမှ ဒီအိုက ဒုတိယနေရာ၊ အက်စ်ဖက်နိုင်းမှ အင်ဆောင်က တတိယနေရာနှင့် ရှိုင်းနီးအဖွဲ့ဝင် မင်ဟိုကလည်း တတိယနေရာ အသီးသီးရရှိခဲ့ကြသည်။ (SKY)

## Liu Yi Fei က Vogue Forces of Fashion Even တွင် အဓိကနေရာရရှိခဲ့




တရုတ်အနုပညာရှင်များ စုံညီစွာတက်ရောက်ခဲ့ကြသည့် Vogue Forces of Fashion Even တွင် အဓိကနေရာ၌ မင်းသမီးလျူရိဖိန်းက ရရှိခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ အဆိုပါပွဲတော်၏ အဓိကနေရာတွင် Vogue ၏ အယ်ဒီတာနေရာရှိပြီး ဘယ်ဘက်တွင် ဝမ်ရိဘိုနှင့် ညာဘက်တွင် မင်းသမီးလျူရိဖိန်းနေရာ ရရှိခဲ့သည်။

လျူရိဖိန်း၏ဘေးတွင် LV President ထိုင်၍ ဝမ်ရိဘို၏ဘေးတွင် Chanel President ထိုင်ကာ အယ်ဒီတာ၏ မျက်နှာချင်းဆိုင်တွင် ယောင်းမီ၊ ပေါ့ရင်းဟုန်လျူရှီးရှီး၊ ဂေါင်းဂျွန်နှင့် Marie Claire မဂ္ဂဇင်းတာဝန်ခံတို့ ထိုင်ခဲ့ကြပြီး ဘေးပတ်လည်တွင် ကျန်ဒေါင်ယူ Gucai President, Prada President နှင့် လီရှန့်နီနီတို့ ထိုင်ခွင့်ရရှိခဲ့ကြသည်။

အဆိုပါပွဲတော်သို့ ဂျက်ဆင်ဝေါင်၊ တန်ဂျီအန်စီ၊ ကျန်းလင်ဟီး၊ ကျန်းယူယွမ်၊ ဝိန်ဒါရှင်၊ လီရှင်း၊ ကျန်းလူဆီ၊ ဂျူကျောင်ရီ၊ ချန်ဒူလင်၊ ယူရှီရှင်း၊ ဝေါင်ရှန်တန်၊ ကျန်ရီဂူလင်နာကျာ၊ နာရမ် စသည့် အနုပညာရှင်များ တက်ရောက်၍ ညစာစားပွဲတွင်ပါ စုံညီစွာတွေ့ကြရသည်။ (SKY)

## Marguerite's Theorem ပြင်သစ်ရုပ်ရှင်ကား သင်္ချာစိတ်ဝင်စားသူများအတွက် ရိုက်ကူးထား




ပြင်သစ်ရုပ်ရှင်ကား Marguerite's Theorem မှာ သင်္ချာစိတ်ဝင်စားသူများအတွက် ရိုက်ကူးထားသည့် သင်္ချာပညာရှင်လူငယ်လေး၏ အချစ်ဇာတ်လမ်းဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သင်္ချာပညာရှင်လူငယ်မလေးသည် ENS တွင် ပညာသင်ဘွဲ့လွန်တက်နေရာမှ အရေးကြီးသောနေ့တွင် ကျောင်းသားတစ်ဦးက သူ့စာတမ်းမှ ချွတ်ယွင်းချက်တစ်ခုကို ထောက်ပြခဲ့၍ သုံးနှစ်တာလုပ်ခဲ့သည့် စာတမ်းပယ်ချခံလိုက်ရသည်။

သင်္ချာကိုဆက်မလုပ်တော့ဘဲ ကြံ့ရာကျပန်းလုပ်ကိုင်၍ ဘဝကို ရှေ့ဆက်ရန်ဆုံးဖြတ်ခဲ့ပြီး ဘဝကို သင်္ချာပုစ္ဆာများနှင့်သာ ဖြတ်သန်းခဲ့သူဖြစ်သည်။ အခက်အခဲများကြားမှ မာကျောက်လောင်းကစားမှတစ်ဆင့် သင်္ချာကို တစ်ဖန်ပြန်လည်စိတ်ဝင်စားလာရာမှ ချစ်သူနှင့်တွေ့၍ အချစ်ဇာတ်လမ်းလေးပေါ်ပေါက်ခဲ့ပုံကို ရိုက်ကူးထားရာ သင်္ချာစိတ်ဝင်စားသူများ အားပေးနှန်းမြင့်မားစွာရရှိထားသည်။ (SKY)

## Spice Girls မှ victoria Backham က ထက်မြက်သော အမျိုးသမီးဖြစ်



ကမ္ဘာကျော်အနုပညာရှင် စပိုက်ဂဲလ်အဖွဲ့ဝင် ဗစ်တိုးရီးယားဘက်ခမ်းသည် ဂီတလောကတွင် အောင်မြင်မှုရရှိထားသကဲ့သို့ စီးပွားရေးလောကတွင်လည်း အောင်မြင်ကာ အိမ်ထောင်ရေးတွင်လည်း ထိန်းသိမ်းထားနိုင်၍ ထက်မြက်သော အမျိုးသမီးဟု သတ်မှတ်ခံရသည်ဟု ဒေးလီးမေးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဗစ်တိုးရီးယားသည် ငယ်ရွယ်စဉ်အချိန်က ကမ္ဘာကျော်အဆိုတော်တစ်ဦးဖြစ်ခဲ့ပြီး အိမ်ထောင်တာဝန်ကျေပွန်ကာ မိသားစုကို ပျိုးထောင်နိုင်ခဲ့ကာ ကိုယ်ပိုင်စီးပွားရေးတွင် ကမ္ဘာကျော် Victoria Secret ပိုင်ရှင်လည်း ဖြစ်ခဲ့ကာ သူ၏ဒဿနများမှာ အတုယူဖွယ်ဖြစ်ခဲ့သည်။

ဗစ်တိုးရီးယားဘက်ခမ်းက "လုံလောက်သည့် ကြိုးစားအားထုတ်မှုသာထည့်လျှင် ကိုယ်လိုချင်သည့်အရာ မရမရှိပါ။ အမြင့်တက်ချင်လျှင် အောက်ခြေခိုင်ရန်ကြိုးစားပါ။ မနာလိုခြင်းလောက်စိတ်ကို နာမကျန်းဖြစ်တဲ့အရာ မရှိပါ" ဟူ၍ ဒဿနဖွင့်ဆိုထားသည်။ (SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## မော်စကိုမြို့တော်တွင် အီရန်သမ္မတနှင့် ရုရှားသမ္မတ တွေ့ဆုံ၊ နှစ်နိုင်ငံမိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးစာချုပ် ချုပ်ဆို



**မော်စကို ဇန်နဝါရီ ၁၈**

ရုရှားနိုင်ငံ မော်စကိုမြို့တော်တွင် အီရန်သမ္မတ မာဆွတ်ပေဇက်ရှ်ကီယန်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင် ဇန်နဝါရီ ၁၇ ရက်က တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးပြီးနောက် နှစ်နိုင်ငံမိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အီရန်သမ္မတ ရုရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာစဉ် ရုရှားသမ္မတနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးကာ အဆိုပါစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်ရေးစာချုပ်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ရည်ညွှန်းဖော်ပြသည်။

ထိုစာချုပ်အရ ရုရှားနှင့် အီရန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ စစ်ရေး၊ သိပ္ပံပညာ၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မော်စကိုမြို့တော်၌ ကျင်းပသည့် ယင်းသမ္မတနှစ်ဦး၏ ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က ထုတ်ဖော်ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံအကြား အထူးသဖြင့် ကုန်သွယ်ရေးကဏ္ဍတွင် တိုးမြှင့်ဆက်ဆံလျက်ရှိရာ စာမျက်နှာသစ်ဖွင့်လှစ်နိုင်ခဲ့သည်ဟုဆိုနိုင်ကြောင်း အီရန်သမ္မတ မာဆွတ်ပေဇက်ရှ်ကီယန်က ရှင်းလင်းပြောကြားသည်။

ရုရှား၊ အီရန်နှင့် မြောက်ကိုရီးယား သုံးနိုင်ငံဆက်ဆံရေးကို အမေရိကန်ပြည်ထောင်စုက မပြတ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ **Mon**



ရာထူးတာဝန် ဆိုင်းငံ့ခြင်းခံထားရသော တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်ကို ဆက်လက်ထိန်းသိမ်းထားရန် ဆိုးလ်မြို့အနောက်ပိုင်းတရားရုံးသို့ ဇန်နဝါရီ ၁၈ ရက်က ရုံးထုတ်ခေါ်ဆောင်လာသောကားကို တွေ့ရစဉ်။ **Mon**

## တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တယ်လီဖုန်းဆက်ခဲ့သည်ဟု လူမှုကွန်ရက်တွင် ဒေါ်နယ်လ်ထရမ့် ထုတ်ဖော်ရေးသား



**ဝါရှင်တန် ဇန်နဝါရီ ၁၈**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဇန်နဝါရီ ၁၇ ရက်က တယ်လီဖုန်းဆက်ခဲ့သည်ဟု လူမှုကွန်ရက်တွင် ဒေါ်နယ်လ်ထရမ့် ထုတ်ဖော်ရေးသားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုသို့တယ်လီဖုန်းဆက်ပြီး ကုန်သွယ်ရေး၊ ဖင်တနိုင်းလ် မူးယစ်ဆေး၊ တစ်တော့ပိတ်ပင်မှု အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးကိစ္စပြောကြားရာတွင် အဆင်ပြေခဲ့သည်ဟု ရွေးကောက်ပွဲအတွက် မဲဆွယ်ကာလအတွင်း မိမိသမ္မတတာဝန်ထမ်းဆောင်သောအခါ တရုတ်နိုင်ငံမှတင်ပို့သော ကုန်ပစ္စည်းများအပေါ် အခွန်အတုပ် ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံသွားမည်ဟု ပြောခဲ့ဖူးသော ထရမ့်က ရေးသားလွှင့်တင်ထားသည်။

အမေရိကန်သမ္မတအဖြစ် ၄င်း ကျမ်းသစ္စာ မကျိန်ဆိုမီ ရက်ပိုင်းအလိုတွင် ထရမ့်က တရုတ်သမ္မတ ရှီကျင့်ဖျင်ထံသို့ တယ်လီဖုန်းဆက်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာကြီးပိုမိုငြိမ်းချမ်းပြီး ဘေးကင်းလုံခြုံအောင် မိမိနှင့် သမ္မတရှီ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်ဟု ထရမ့်က လူမှုကွန်ရက်ပေါ်၌ ထည့်သွင်းရေးသားထားသည်။

သမ္မတဂျိုးဘိုင်ဒင်လက်ထက်ကမူ တရုတ်နိုင်ငံကို အမေရိကန်ပြည်ထောင်စု၏ အကြီးမားဆုံး ပထဝီနိုင်ငံရေးဆိုင်ရာ အနှောင့်အယှက်သဖွယ် ရှုမြင်သတ်မှတ်ခဲ့ကြောင်း သိရသည်။ **Mon**



## အီးအယ်လ်အင်န်သူပုန်များနှင့် ဆွေးနွေးရေးကိစ္စ ကိုလံဘီယာသမ္မတ ဂူစတာဗို ပေဒရို ဆိုင်းငံ့ထား

**ဘိုဂိုတာ ဇန်နဝါရီ ၁၈**

အီးအယ်လ်အင်န်သူပုန်များနှင့်ဆွေးနွေးရေးကိစ္စကို ကိုလံဘီယာသမ္မတ ဂူစတာဗို ပေဒရိုက ဆိုင်းငံ့ထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အေးချမ်းတည်ငြိမ်ရေးအတွက် အဆိုပါလက်နက်ကိုင်သူပုန်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးရန် မူအားဖြင့် လက်ခံသဘောတူသည်ဟု ၄င်းက ထုတ်ဖော်ပြောကြားရာမှ ဆွေးနွေးရန် နှစ်ဖက်အတည်ပြုခဲ့သည်။

ထိုသို့အတည်ပြုပြီးနောက် ဗင်နီဇွဲလားနယ်စပ်တွင် အီးအယ်လ်အင်န်သူပုန်များ ရာဇဝတ်မှုဟု ယူဆရမည့် သတ်ဖြတ်မှုများ ကျူးလွန်ခဲ့သည်ကို တွေ့ရှိခဲ့ရာမှ ယင်းဆွေးနွေးရေးကိစ္စကို ၄င်းဘက်က ဆိုင်းငံ့ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## လက်ဘနွန်နိုင်ငံတောင်ပိုင်းမှ တပ်ဖွဲ့များကို ရုပ်သိမ်းပေးရန် ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန် အစ္စရေးကို တိုက်တွန်း

**ဘေရွတ် ဇန်နဝါရီ ၁၈**

လက်ဘနွန်နိုင်ငံတောင်ပိုင်းမှ တပ်ဖွဲ့များကို ရုပ်သိမ်းပေးရန် ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန် အစ္စရေးကို ဇန်နဝါရီ ၁၇ ရက်က တိုက်တွန်းပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၄င်းသည် လက်ဘနွန်နိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိကာ သမ္မတ ဂျိုးဇက်အွန်နှင့်တွေ့ဆုံပြီးနောက် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန်သည် ဂျိုးဇက်အွန် သမ္မတအာဏာရရှိလာပြီးနောက်ပိုင်းတွင် လက်ဘနွန်နိုင်ငံသို့ ပထမဆုံး ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိခဲ့သော နိုင်ငံ့ခေါင်းဆောင်ဖြစ်သည်။

ဟစ်ဇဘိုလာပြောက်ကျားများနှင့် အပြန်အလှန်တိုက်ခိုက်ရာမှ လက်ဘနွန်တောင်ပိုင်းနယ်နိမိတ်ထဲအထိ ဝင်ရောက်တပ်စွဲထားသော အစ္စရေးတပ်ဖွဲ့များ ရုပ်သိမ်းပေးပြီးနောက် လက်ဘနွန်အစိုးရတပ်မတော်ကို အင်အားတောင့်တင်းအောင် ပြန်လည်တည်ဆောက်သင့်ကြောင်း မာခရွန်က အကြံပြုထောက်ပြသည်။

တပ်မတော်ကို ထိုသို့ပြန်လည်တည်ဆောက်ပါက လိုအပ်လျှင် ပြင်သစ်နိုင်ငံက နည်းပညာနှင့်လေ့ကျင့်ရေး ထောက်ပံ့ကူညီမှုပြုလုပ်ပေးသွားမည်ဟုလည်း ၄င်းက လက်ဘနွန်သမ္မတ ဂျိုးဇက်အွန်ကို ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**





## ဂါဇာ ယာယီအပစ်အခတ်ရပ်စဲမှု အပြည့်အဝပြီးမြောက်သွားစေလိုသည်ဟု မေးမြန်းခန်းအစီအစဉ်တွင် ကာတာနိုင်ငံဝန်ကြီးချုပ် ထုတ်ဖော်ပြောကြား

**အမ္မန် ဇန်နဝါရီ ၁၈**

အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ဂါဇာစစ်ပွဲ ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အပြည့်အဝပြီးမြောက်သွားစေလိုသည်ဟု ယမန်နေ့က ထုတ်လွှင့်သော မေးမြန်းခန်းအစီအစဉ်တွင် ကာတာနိုင်ငံဝန်ကြီးချုပ် ရှိတ်ခ်မိုဟမ်မက်ဘင်အဗ္ဗဒူလ်ရာမန်အယ်လ်သာနီက ထုတ်ဖော်ပြောကြားလိုက်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့သို့ အလည်အပတ်ရောက်ရှိနေစဉ် အဆိုပါသတင်းဌာနက ဆက်သွယ်မေးမြန်းသဖြင့် ၄င်းက အဆိုပါ အပစ်အခတ်ရပ်စဲရေးကိစ္စနှင့်ပတ်သက်၍ ၄င်း၏ သဘောထားများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းယာယီအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ဆက်လက်တိုးမြှင့်အကောင်အထည်ဖော်ရာတွင် ကုလသမဂ္ဂက လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူကာ ကြပ်မတ်ဆောင်ရွက်သွားသင့်သည်ဟုလည်း ၄င်းက ဆက်လက်အကြံပြုသည်။

ကာတာနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ခ်မိုဟမ်မက်ဘင်အဗ္ဗဒူလ်ရာမန်အယ်လ်သာနီအနေဖြင့် အစ္စရေးနှင့် ဟားမတ်စ်တို့အကြား အပစ်အခတ်ရပ်စဲရေးအတွက် အီဂျစ်၊ အမေရိကန်ပြည်ထောင်စုတို့မှ ကြားဝင်စေ့စပ်ဆွေးနွေးသူများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထို့ပြင် ၄င်းသည် ဆီးရီးယားနိုင်ငံ အသွင်ကူးပြောင်းရေးနှင့်ပတ်သက်၍လည်း အခြားနိုင်ငံများနှင့် လိုအပ်သလို ပါဝင်ပံ့ပိုးကူညီရန် စိတ်အားထက်သန်လျက်ရှိကြောင်း သိရသည်။ **Mon**

## ဂါဇာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အသစ်ကို အစ္စရေးအစိုးရအဖွဲ့က တရားဝင်လက်ခံအတည်ပြုလိုက်ပြီ



**ဂျေရုဆလင် ဇန်နဝါရီ ၁၈**

ဂါဇာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အသစ်ကို ဇန်နဝါရီ ၁၇ ရက် ညပိုင်းတွင် အစ္စရေးအစိုးရအဖွဲ့က တရားဝင် လက်ခံအတည်ပြုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ယာယီအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်နှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးပြီးနောက် အစ္စရေးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်သူ နှစ်ဦးသာရှိခဲ့ကြောင်း အစ္စရေးပြောခွင့်ရသူက ရှင်းလင်းပြောကြားသည်။

အစ္စရေးဘက်က ယင်းကဲ့သို့ တရားဝင်သဘောတူညီလိုက်ပြီဖြစ်သဖြင့် ဇန်နဝါရီ ၁၉ ရက်တွင် ဟားမတ်စ်တို့ဘက်က အစ္စရေးဓားစာခံ ၃၃ ဦးကိုလွှတ်ပေးရန် သေချာလုနီးပါးဖြစ်ကြောင်း သိရသည်။ **Mon**

## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြော



**မန္တလေး ဇန်နဝါရီ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနက မူးယစ်ဆေးဝါးအန္တရာယ်သိရှိစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စစ်ကိုင်း-မန္တလေးလမ်းရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉နာရီက ကျင်းပသည်။

ဟောပြောပွဲသို့ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံကျောင်းအုပ်ကြီး(တာဝန်) ဒုတိယကျောင်းအုပ်ကြီး(စီမံ)၊ ဒုတိယကျောင်းအုပ်ကြီး(သင်ကြား)နှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ အမှတ်(၁၈)၊ မူးယစ်တပ်ဖွဲ့စု၊ မန္တလေးတောင်ပိုင်းမှ ရဲမှူးနိုင်အောင်ခိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဆိုးကျိုးအန္တရာယ်များ၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးဆိုင်ရာများကို ပါဝါပွိုင့်ဖြင့်ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၄၅)



## မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော၍ မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ

**လယ်ဝေး ဇန်နဝါရီ ၁၈**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို ယမန်နေ့ နံနက် ၉ နာရီက လယ်ဝေးမြို့၊ သီရိရတနာ မြို့မဈေးတွင် ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများ၊ ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးက မီးဘေးအန္တရာယ်များအကြောင်း၊ မီးလောင်မှုဖြစ်ပွားစေသည့် အကြောင်းအရင်းများ၊ မီးသတ် ဆေးဘူးအသုံးပြုနည်းနှင့် မီးဘေးအန္တရာယ်ကျရောက်လာပါက လက်တွေ့မီးငြိမ်းသတ်ရေးနည်းလမ်းတို့ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဈေးသူ၊ ဈေးသားများနှင့် ပြည်သူများအား ဆီမီးလောင်မှု၊ ဂက်စ်မီးဖိုနှင့် ရိုးရိုးမီးဖိုမီးလောင်မှုများအား မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြသခဲ့ပြီး တက်ရောက်လာသူများက ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်

**သရက် ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရပ်ကွက်များအတွင်းရှိ မီးသတ်ရေကန်များအား ရေဖြည့်ခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောခြင်းများ ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်းမှ မီးသတ်ရေကန်များတွင် မီးသတ်ရေယာဉ်ဖြင့် လှည့်လည်ရေဖြည့်တင်းခြင်းလုပ်ငန်းများနှင့် ရုံးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းများနှင့် မီးသတ်ဆေးဘူးကိုင်တွယ် အသုံးပြုပုံများကို လက်တွေ့ပြသမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (ယာပုံ) စော်ဝမ်းထွန်း(အောင်လံ)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မော်တော်ယာဉ်အရှိန်လွန်ပြီး ဓာတ်တိုင်တိုက်၊ မြောင်းထဲထိုးကျ



**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ မန္တလေးတောင်ခြေ မြို့နယ် လျှပ်စစ်မန်နေဂျာရုံးအနီးတွင် ဇန်နဝါရီ ၁၇ရက် ည ၈ နာရီခန့်က အိမ်စီးမော်တော်ယာဉ်အဖြူရောင်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ကွန်ကရစ်ဓာတ်တိုင်အား ဝင်ရောက်တိုက်မိပြီး တက်မျှောမြောင်းအတွင်းသို့ ထိုးကျမှုဖြစ်ပွားခဲ့သည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရာသို့ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ဥပုသ်တော်ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့နယ် လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ လာရောက်ကူညီဆောင်ရွက်ပေးခဲ့ပြီး ယာဉ်မတော်တဆမှုကြောင့် ကွန်ကရစ်ဓာတ်တိုင် ၂ ခု ပျက်စီးခဲ့ပြီး ရပ်ကွက်အတွင်း လျှပ်စစ်မီး အမြန်ပြန်လည်ရရှိရေး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ လိုင်းလုပ်သားများက ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၅)

## LED မီးသီးဝါယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ နယ်မြေ(၄)ရပ်နေအိမ်အခန်းတွင် ဘက်ထရီအိုးမှ နှစ်ပင်လိမ်မီးကြိုးဖြင့် LED မီးထွန်းထားရာမှ မီးသီးရှော့ဖြစ်ပြီး မီးလောင်မှု ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီခန့်က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်ကိုကို ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦးတို့သည် မီးငြိမ်းသတ်ယာဉ် ၅ စီး၊ မီးသတ်ရေသယ်ယာဉ် ၇ စီး၊ အုပ်ချုပ်မှုယာဉ် ၂ စီးဖြင့် မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့်(၁၈ ပေ × ၂၅ ပေ)၊ သွပ် မိုး၊ ထရံကာ၊ ပျဉ်ခင်း ၂ထပ်အဖီပါ နေအိမ် ၁ လုံး၊ (၁၈ × ၁၈)ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း(၂)ထပ် အပေါ်ထပ်၊ (၁၅ × ၁၅)ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း(၂)ထပ် အပေါ်ထပ်၊ (ပေ ၂၀ × ၁၂ ပေ)၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း(၂)ထပ် အပေါ်ထပ်(၁၅ ×၁၀)ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း(၂)ထပ် နေအိမ်အပေါ်ထပ် အခန်းတစ်ခန်းနှင့် ဆိုင်ကယ် ၂ စီးတို့ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူအား အမရပူရမြို့နယ် မြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ဝ၅၇)

*-*-*-*-*

*-*-*-*-*-*

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁၂ နာရီ ၄၀မိနစ်က လှိုင်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ ဗေယျာသိဒ္ဓိ(၂)လမ်းနေ ဥမ္မာမြင့်စိုးဆိုသူ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဥမ္မာမြင့်စိုး(၃၉)နှစ်ဆိုသူအား လှိုင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ နဂါးကိုးကောင်ဆရာတော် အရှင်ဘဒ္ဒန္တရာဇိန္ဒ



မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှသစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၏ ဦးစီးပဓာနနာယကဖြစ်သော "နဂါးကိုးကောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရာဇိန္ဒ အရှင်သူမြတ်အား" ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၄ ရက် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)ဖြင့် ထုတ်ပြန်ကြေညာချက်အရ "မဟာသဒ္ဓမ္မ ဇောတိကဓဇ"ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်ခဲ့သည်ကို ဖတ်ရှုလိုက်ရပါသည်။ သို့ပါ၍ နဂါးကိုးကောင်ဆရာတော်ကို မြန်မာနိုင်ငံ တစ်နံတလျားလူသိများ ပြီးဖြစ်သော ဆရာတော်၏ ထေရ်ရုပ္ပတ္တိအကျဉ်းကို အများပြည်သူကြည်ညိုနိုင်ရန် တင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

"မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ"ဆရာတော်၏ ငယ်နာမည်မှာ မောင်ဝင်းနိုင်ဖြစ်၍ ခမည်းတော် ဦးလှပို + မယ်တော် ဒေါ်လှကြည်တို့မှ ၁၃၂၈ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် ရန်ကုန်မြို့ ဂျမခန္ဓာဆေးရုံကြီးတွင် မွေးဖွားသန့်စင်တော်မူခဲ့သည်။ ဖခင်မှာ မုံရွာမြို့၊ ကန်တော့ပလ္လင်ကျေးရွာမှဖြစ်၍ မိခင်၏ဇာတိမှာ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျုံပါချောင်းဝကျေးရွာဖြစ်သည်။

ဆရာတော်လောင်းလျာ မောင်ဝင်းနိုင် အသက် ၁၃နှစ်သားအရွယ်တွင် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျုံပါချောင်းဝကျေးရွာ၊ အောင်မင်္ဂလာကျောင်းဆရာတော် ဦးသာသနက ဥပဇ္ဈယ်ပြု၍ ရှင်သာမဏေဘောင်သို့ ဝင်ရောက်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့တွင် ကြီးပြင်းခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် မန္တလေးမြို့သို့ ရောက်ရှိလာကာ မဟာမြိုင်ရပ်ကွက် ဇောတိကုန်းဇောတိပင်ကျောင်းတိုက် မိုးကောင်းကျောင်းဆရာတော် ဦးမာနိတနှင့် ဦးမဏ္ဍလထံတွင် မြင့်မြတ်သော ရဟန်းဘောင်သို့ တက်ရောက်၍ ချီးမြှောက်ခဲ့သည်။

၁၉၉၂ ခုနှစ်တွင် အောင်ပင်လယ်အစ်မတော် စောမွန်လှသစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက် နဂါးကိုးကောင်ဘုရားတွင် (၄၅)ရက်တာ အဓိဋ္ဌာန်ဝင်ရောက်ခဲ့သည်။ ထိုစဉ် သက်ကြီးဝါကြီးဆရာတော်ကြီးများ ဖြစ်ကြသော ဆရာတော်ကြီး ဦးခေမာနှင့် ဆရာတော်ကြီး ဦးနာဂိန် တို့ထံပါးတွင် ဝတ်ကြီး၊ ဝတ်ငယ်တို့ကို ပြုစုစောင့်ရှောက်ခဲ့သည်။

ထို့နောက် ခရစ်သက္ကရာဇ် ၂၀၀၀ပြည့်နှစ်တွင် ဆရာတော်ကြီးနှစ်ပါး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြသည်။ မိခွေးဘခွေးကို သားသမီးခံစားရယူသည့် ရှေးထုံးစဉ်လာ နည်းနာအတိုင်း ဆရာတော်ကြီးများ၏ အမွေကို ဆက်ခံ၍ ကျောင်းတိုက်၏ တာဝန်ဝတ္တရားများ ထမ်းဆောင်ရန် ဆရာတော်အရှင်ရာဇိန္ဒ၏ ပခုံးပေါ်သို့ ကျရောက်လာခဲ့သည်။

ထိုစဉ်က အောင်ပင်လယ်ရှိပေါ်တော်မူကျောင်းတိုက်မှာ ဝိပဿနာတောရရိပ်သာကျောင်းမျှသာဖြစ်ရာ ရဟန်းသာမဏေသိပ်မရှိဘဲ သက်ကြီးရွယ်အို သီလရှင်ဆရာလေး အနည်းငယ်မျှသာလျှင် တစ်ပါးထိုင်ကျောင်းကလေးများဖြင့် သီတင်းသုံးရာနေရာ ဖြစ်သည်။ ကျောင်းပရိဝုဏ်က ကျယ်ဝန်း၍ အထင်ကရ မြတဘက်ဘုရား၊ ပေါ်တော်မူဘုရားနှင့် ရှေးဟောင်းဘုရားများလည်းရှိနေပြီး တောကျောင်းမျှသာဖြစ်နေသည်ကို ဆရာတော် မလိုလားပေ။ ဒီကျောင်းတိုက်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဘုရားကျောင်းကန်နှင့် တူတူတန်တန်ဖြစ်ပြီး ကုသိုလ်ကောင်းမှုအစုစုတို့၏ ရတနာရွှေအိုးမြှုပ်နှံရာ ဘူမိနက်သန်ဖြစ်စေလိုသည်။

ဆရာတော်သည် ဤသို့သောဆန္ဒဖြင့် အမြဲတမ်း ကျောင်းတိုက်ကြီး တိုးတက်စည်ကားရေးနှင့် ဘာသာ သာသနာထွန်းကားရေးကို တွေးတောပူပန်လျက်ရှိသော်လည်း ဘာမျှမတတ်နိုင်ခဲ့ချေ။

ထိုစဉ်က ကျောင်းတိုက်ပရိဝုဏ်မှာ စေတီပုထိုးများမှာ ထုံးဖြူပြင်မဖွေးနိုင်ပဲ ကျောင်းကြီးများမှာလည်း ဆွေးမြေ့ယိုင်နဲ့လျက် ချုံနွယ်ပိတ်ပေါင်းများဖြင့် ပြည့်လျက်ရှိသည်။ သစ်ပင်ကြီး၊ ဝါးပင်ကြီးများဖြင့်လည်း အုံ့ဆိုင်းလျက်ရှိသည်။

ထိုအချိန်တွင် မန္တလေးမြို့တွင် မြို့ပြစီမံကိန်းများတည်ဆောက်လျက် မြို့သစ်များ ချဲ့ထွင်ချိန်ဖြစ်သည်။ အောင်ပင်လယ်သည်လည်း မြို့ကွက်သစ်ချရာနေရာဖြစ်လာခဲ့ပြီး လူနေအိမ်များ ရပ်ကွက်သူ၊ ရပ်ကွက်သားများ အဆောက်အအုံသစ်များဖြင့် တစ်စတစ်စ စည်ကားလာချိန် ဖြစ်သည်။ သို့သော် မိဘများတစ်ခြားက ပြောင်းရွှေ့လာကြရသည်ဖြစ်ရာ အခြေမကျသေးမီ ဆင်းရဲနွမ်းပါး မိသားစုများ၏ သားသမီးများမှာ ကျောင်းမတက်နိုင်ကြသေးပေ။ ကျောင်းဝင်းအတွင်းသို့ လာရောက်၍ အချိန်ဖြုန်းနေသည်ကို ဆရာတော်တွေ့မြင်ရသဖြင့် သနားစိတ်ဝင်ခဲ့သည်။

မိမိကိုယ်တိုင် မိဘများ၏ စောင့်ရှောက်မှုကို အပြည့်အဝမရရှိခဲ့သဖြင့် ကိုယ်ချင်းစာတရားထားကာ ကလေးငယ်တချို့ကိုခေါ်ယူ၍ ထမင်းဟင်းကျွေးမွေးရင်း ဆုံးမသွန်သင်ခဲ့သည်။ ထို့နောက် ကျောင်းမနေနိုင်သောကလေးများကို ခေါ်ယူ၍ ၂၀၀၀ ပြည့်နှစ်တွင် သစ်ပင်ရိပ်တွင်ဖျာခင်းကာ ဆရာတော်တစ်ပါးတည်း အခမဲ့ကျူရှင်သင်ပေးခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် တစ်နှယ်ငင်တစ်ခင်ပါဆိုသကဲ့သို့ ကျောင်းသား၊ ကျောင်းသူများ လာရောက်အပ်နှံသူများပြားလာခဲ့ရာ သူငယ်တန်းမှ ပဉ္စမတန်းထိ သင်ကြားပေးခဲ့ရသည်။ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးကျောင်းတွင်လည်း အမှတ်(၆)ဘုန်းတော်ကြီးသင် မူလတန်းကျောင်းအဖြစ် နှစ်(၂၀)ကျော် ရပ်တည်လာနိုင်ခဲ့သည်။

ဆရာတော်၏ စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်မှုကြောင့် ပေါ်တော်မူရိပ်သာကျောင်းပရိဝုဏ်သည်လည်း ယခုအခါ စောမွန်လှမြတဘက်ဘုရား၊ နဂါးကိုးကောင်ဘုရား၊ နဂါးကိုးကောင်ကန်တော်မင်္ဂလာ၊ နဂါးကိုးကောင် လိုဏ်ဂူဘုရား၊ စောမွန်လှ ရှစ်မျက်နှာရှမ်းစေတီ၊ ရှေးဟောင်းပုဂံခေတ် မြစည်းခုံစေတီတော်၊ လိုရာပြည့်စေတီတော်၊ လောကချမ်းသာအလိုတော်ပြည့်စေတီတော်၊ ဇမ္ဗူထိပ်အောင်ချမ်းသာ ဓမ္မဗိမာန်တော်၊ ငါးကန်၊ လိပ်ကန်များ၊ စာနန်းထွေးကျောင်းဆောင်၊ ရဲရင့်အောင်ကျောင်းဆောင်၊ရတနာသီရိကျောင်းများ ခန့်ညားထည်ဝါစွာ ပေါ်ပေါက်ခဲ့သည်။

အမှတ်(၆)စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင်ကျောင်းမှာလည်း ပေ(၁၂၀×၄၀)နဂါးကိုးကောင် နှစ်ထပ်စာသင်ကျောင်းကြီးဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ခန့်ကို ပညာသင်ကြားပေးခဲ့သည်။ ဆရာမ ၃၀ ဦးကိုလည်း ကွန်ပျူတာပညာ၊ တရုတ်ဘာသာစာပေနှင့်စကားတို့ကို သင်ကြားပေးခဲ့သည်။ ထူးချွန်သော ဆရာမများကိုလည်း တရုတ်နိုင်ငံသို့ စေလွှတ်၍လည်း ပညာသင်ကြားပေးစေခဲ့သည်။

စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို နဂါးကိုးကောင်ဆရာတော်က သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည်ဖြစ်ရာ ယခုအခါလာမည့် ၂၀၂၅ ခုနှစ် စာသင်နှစ်သည် (၂၅)နှစ်ပြည့် ငွေရတုသဘင် ဆင်နွှဲနိုင်တော့မည်ဖြစ်သည်။

စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ၂၅ နှစ်တာ ငွေရတုခရီးကို ပြန်ပြောင်းကြည့်သည်ရှိသော် အံ့မခန်းပြောင်းလဲတိုးတက်လာသည်ကို မျက်ဝါးထင်ထင် တွေ့ရှိရသည်။

ကျောင်းသား၊ ကျောင်းသူများ၏ ဘဝရပ်တည်ရေးကို ရှေးရှု၍ အသက်မွေးဝမ်းကျောင်း ပညာရပ်များ၊ ကွန်ပျူတာပညာရပ်များ၊ သင်ကြားပေးခဲ့သည်။ FITC ကွန်ဖျူးရှပ်တရုတ်ဘာသာ ပညာရေးကျောင်း၏ ကျောင်းအုပ်ဆရာကြီး ဦးထွန်းနိုင်နှင့် ဆရာ၊ ဆရာမများ၏ ကူညီပံ့ပိုးမှုဖြင့် တရုတ်ဘာသာတရုတ်စကားတို့ကို သင်ကြားပေးခြင်း၊ တရုတ်နိုင်ငံသို့ လေ့လာရေးခရီးစေလွှတ်ခြင်းများလည်း ပြုလုပ်ခဲ့သည်။

မိမိကျောင်းဖွံ့ဖြိုးတိုးတက်သကဲ့သို့ မဖွံ့ဖြိုးသေးသောဒေသမှ ဘုန်းကြီးကျောင်းများကိုလည်း အထောက်အပံ့ ဖြစ်စေရန်အတွက် နှစ်စဉ်စောမွန်လှ ဆွေတော်မျိုးတော်များ စုပေါင်းဘုံကထိန်တော်ကြီးကိုလည်း နှစ်တိုင်းပြုလုပ်လျက် စစ်ကိုင်းတိုင်း မုံရွာခရိုင်ရှိ တောင်ပုံကျောင်း၊ ခင်မွန်ကျောင်း၊ မင်းကွန်းချောင်းမကြီးကျောင်း အစရှိသော ကျောင်းများသို့ နှစ်စဉ်ပေးပို့လှူဒါန်းခဲ့သည်။

ဆရာတော်သည် နံနက် ၄ နာရီတွင် အိပ်ရာမှထကာ ကျောင်းပရိဝုဏ်ကို လှည့်ပတ်ကြည့်ရှု၍ ရဟန်းသံဃာများနှင့် ရှင်သာမဏေများ ဝေယျာဝစ္စအကျိုးဆောင်များကို အလုပ်လုပ်ရန်၊ ဆွမ်းခံထွက်ရန် လှုံ့လဝီရိယရှိစေရန် နှိုးဆော်ခဲ့သည်။ နံနက် ၁၁ နာရီဆွမ်းစားပြီးချိန် နာရီဝက်တစ်နာရီခန့် မှေးစက်သည်မှလွဲ၍ ညအိပ်ရာဝင်ချိန်အထိ ကျောင်းတိုက်အတွင်း လှည့်ပတ်ကြည့်ရှုကာ ကျောင်းပရိဝုဏ် သန့်ရှင်းရေး၊ရေ+မီး ပြည့်စုံရေးတို့အတွက် မေးမြန်းခြင်း၊ လှုံ့ဆော်ခြင်းများ မပြတ်တမ်းပြုလုပ်ခဲ့သည်။ ယခုအခါ ပေ ၁၀၀၀၊ ပေ ၈၀၀ခန့် ကျယ်ဝန်းရှိသော ကျောင်းပရိဝုဏ်တစ်ခုလုံး အမှိုက်တစ်စမျှမရှိဘဲ ကျောင်းကန်ဘုရားများမှာလည်း ရွှေရောင်တောက်ပကာ ကြည်ညိုဖွယ်မဆုံးဖြစ်စေခဲ့သည်။



ဤမျှမက ဆင်းရဲနွမ်းပါးသောမိဘတို့၏ သား၊သမီးများအတွက် သာသနာ့အမွေခံယူနိုင်ရန် စောမွန်လှ ဆွေတော်မျိုးတော်များ ရှင်အပါး ၃၀၀ စုပေါင်း ရှင်ပြုပွဲကြီးကိုလည်း နှစ်စဉ်မပျက်ကြိုးပမ်းလာခဲ့သည်မှာ ယခုလာမည့် ၁၃၈၆ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် (၂၁.၃.၂၀၂၅) ရက်တွင် (၁၉)ကြိမ်မြောက် ရှင်အပါး ၃၀၀ စုပေါင်း ရှင်ပြုပွဲကြီးအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်တော့မည် ဖြစ်သည်။

အဆိုပါ ရှင်အပါး ၃၀၀ စုပေါင်းရှင်ပြုပွဲကြီးအတွက်လည်း ဆရာတော်သည် ယခုအချိန်မှစ၍ တိုင်ပင်နှီးနှောခြင်း၊ အစီအစဉ်ရေးဆွဲခြင်းများ ပြုလုပ်နေပြီဖြစ်ရာ သာသနာ့ဒါယကာ၊ သာသနာ့ဒါယိကာမများ စောမွန်လှဆွေတော်မျိုးတော်များအနေဖြင့်လည်း စတင်လှူဒါန်းနိုင်ကြရန် တံခါးဖွင့် ဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း အကျိုးတော်ဆောင်အဖွဲ့မှ ကျောင်းအမကြီး ဒေါ်ခင်သီတာထွန်း(ဥက္ကဋ္ဌတိုင်းအသင်းစုချုပ်)၏ ပြောပြချက်အရ သိရှိခဲ့ရသည်။

အကျိုးတော်ဆောင်အဖွဲ့ ဖုန်းများမှာ ၀၉-၂၀၃၂၂၄၇၊ ၀၉-၄၀၂၅၉၈၃၅၁ ဖြစ်သည်။ လက်ရှိတွင် တောင်ပေါ်ဒေသနှင့် တိုင်းရင်းသားများအပါအဝင် ရှင်သာမဏေနှင့် သီလရှင်စုစုပေါင်း ၁၅၀ခန့်ကိုလည်း ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ဆေး လိုလေသေးမရှိအောင် သာသနာ့ဘောင်အတွင်း သွတ်သွင်း၍ စောင့်ရှောက်ထားသည်ကို တွေ့ရှိရသည်။

**ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု**

ဇေယျကျော်စွာမြင့်

# မန်းရွှေစက်တော်ဘုရားကြီးတွင် တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ စတင်ဆောက်လုပ်နေပြီး ဘုရားဖူးများအား ညအိပ်တည်းခိုခွင့်ပြုမည်

**မင်းဘူး ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားပွဲတော်ကျင်းပစဉ်ကာလ ဘုရားဖူးလာရောက်ကြသူများ တည်းခိုနားနေနိုင်ရန် မန်းချောင်းသောင်ပြင်အတွင်း၌ တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ စတင်ဆောက်လုပ်နေပြီး ပွဲတော်ကာလ ဘုရားဖူးများအား ညအိပ်တည်းခိုခွင့်ပြုမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီထံမှ သိရသည်။


"အနယ်နယ်အရပ်အရပ်က ဘုရားဖူး ရဟန်းရှင်လူ မိဘပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်ရင်း ညအိပ်တည်းခိုနားနေနိုင်စေဖို့ တည်းခိုဆောင်အခန်းပေါင်း ၆၀၀ ကျော်နဲ့ ဈေးဆိုင် ခန်းပေါင်း ၈၀၀ ကျော်ကို စတင် ဆောက်လုပ်နေပါတယ်။ လက်ရှိမှာတော့ နမ္မဒါ တည်းခိုဆောင် အပါအဝင် ငွေသောင်ယံနှင့် မန်းချောင်းသောင်ပြင်တစ်လျှောက် တည်းခိုဆောင်နဲ့ ဈေးဆိုင်ခန်းပေါင်း ၁၄၀ ကျော်ကတော့ ဆောက်လုပ်ပြီးစီးနေပါပြီ။ ဘုရားပရဝုဏ်အတွင်း တည်ဆောက်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းအားလုံးကို မကြာမီရက်ပိုင်းအတွင်း အပြီးဆောင်ရွက်သွားမှာပါ။ တည်းခိုဆောင် ၄ဘားရမ်းခ နှုန်းထားတွေကတော့ တစ်ရက်ကို အထူးခန်း(VIP) တည်းခိုဆောင် (ရေချိုးခန်းနှင့် Toilet အပါ) ရေစပ်(ကမ်းစပ်) တစ်ခန်းကို ငွေကျပ် ၁၁၀၀၀၀ နှုန်း၊ ရိုးရိုးတည်းခိုဆောင် ရေစပ်(ကမ်းစပ်)တစ်ခန်းကို ငွေကျပ် ၈၀၀၀၀၊ ၆၀၀၀၀ နှုန်းနဲ့ ရိုးရိုးတည်းခိုဆောင်(ကုန်းပေါ်)တစ်ခန်းကို ငွေကျပ် ၄၀၀၀၀ နှုန်းဆိုပြီး ညှိနှိုင်းသတ်မှတ်ပေးထားပါတယ်။ ဘုရားဖူးပြည်သူတွေ စိတ်အေးချမ်းသာစွာ တည်းခိုနားနေနိုင်စေဖို့အတွက် တည်းခိုဆောင် ၄ဘားရမ်းခတွေကို သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံပါက တိုင်ကြားနိုင်သလို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု မန်းရွှေစက်တော် ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်ထိ) ရက်ပေါင်း ၇၅ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဘုရားဖူးများ သွားလာရေး အဆင်ပြေစေရန်အတွက် သောင်ပြင်အတွင်း၌ ယာယီဘေလီသံပေါင်တံတား (အထူးတံတား)တစ်စင်းကို ဆောက်လုပ်ပေးထားကာ မင်းဘူး-ရွှေစက်တော်နှင့် တောင်ပေါ်-တောင်အောက် မော်တော်ယာဉ်လိုင်းများကိုလည်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုထံမှ သိရသည်။

**(အပေါ်ဝဲပုံ)**

**(၅၀၀)**

*-*-*-*-*



# မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ စီမံကိန်းဖြင့် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုနည်းပညာဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲ ပြုလုပ်

**တောင်တွင်းကြီး ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊သကြားထွက်သီးနှံဌာနခွဲမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ စီမံကိန်းဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်ရှိ ကြံစိုက်တောင်သူများအား ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၁၆ နံနက်ပိုင်းက ကင်ပွန်းတောင်ကျေးရွာ၊ ကွင်းအမှတ်(၂၆၀၃)၊ ကြံမျိုးအမည် K.95/84၊ တောင်သူ ဦးထိန်ဝင်း၏ ကြံစိုက်ပျိုးထားရှိမှု စံပြကွက်တွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန၊ သကြားထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ကာ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် နည်းပညာဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကြံသီးနှံကျွမ်းကျင်ပညာရှင်များက ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သတ်၍ နည်းပညာများ ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တောင်တွင်းကြီးမြို့နယ်ရှိ ကြံစိုက်ပျိုးသည့် ကျေးရွာအုပ်စုများမှ ကြံစိုက်တောင်သူများ၊ စုစုပေါင်း ၇၀ ဦးကျော် တက်ရောက်ခဲ့ပြီး ကြံသီးနှံအထောက်အကူပြုပစ္စည်းများကို ကြံစိုက်တောင်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**

*-*-*-*-*



# မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး ဇန်နဝါရီ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနကစားသုံးသူ၏ အခွင့်အရေးများ၊ စားသုံးသူ၏ တာဝန်များ၊စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊ စားသုံးသူကာကွယ်ရေးအကြောင်း သိရှိစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စစ်ကိုင်း-မန္တလေးလမ်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပွဲတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၇ရက် နံနက် ၁၀နာရီက ကျင်းပသည်။

ဟောပြောပွဲသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှတာဝန်ရှိသူများ၊ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံကျောင်းအုပ်ကြီး(တာဝန်) ဒုတိယကျောင်းအုပ်ကြီး(စီမံ)၊ ဒုတိယကျောင်းအုပ်ကြီး(သင်ကြား)နှင့်ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူများ၏ အခွင့်အရေးနှင့်တာဝန်များ၊စားသောက်ကုန်များတွင် ပါရှိရမည့်အချက်များ၊ ရက်လွန်စားသောက်ကုန်များ ရောင်းချမှုမရှိစေရေး ဆောင်ရွက်ချက်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**(၀၄၅)**

*-*-*-*-*

*-*-*-*-*-*-*

**သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး ။**

# အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၂၀ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားတွင်လည်းကောင်း၊ ဇန်နဝါရီ ၂၁ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဈ-၁ နှင့် ၂ ကြား)၊ ၆၁လမ်းနှင့် ၁၀၇လမ်းထောင့်၊ မြို့သစ်(၃)ရပ်ကွက်၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတောင်ဘက်တွင်လည်းကောင်း၊ ဇန်နဝါရီ ၂၂ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၈၉-က)၊ ကွက်သစ်ထိန်ကုန်းရပ်ကွက်၊မေဇင်သိန်းလမ်းနှင့် ဈေးလမ်းထောင့်တွင်လည်းကောင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရုံးကြီး၊၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်း ကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**





# ဥပဒေအခြေခံပညာအကြောင်း အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**မိုင်းပန် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ် ဥပဒေအရာရှိ၊ အခြေခံပညာဦးစီး ဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဥပဒေအခြေခံပညာအကြောင်း အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ဥပဒေအရာရှိ ဦးဝင်းမြတ်သူက လူကုန်ကူးမှုဆိုင်ရာ၊ ခိုးမှုဆိုင်ရာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အရေးယူနိုင်မည့် အသက်အပိုင်းအခြား၊ ပြစ်မှုပြစ်ဒဏ် အမျိုးအစားများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများမှ မိမိထပ်မံသိရှိလိုသည့် ပြစ်မှုပြစ်ဒဏ်များအကြောင်း ဆက်လက်မေးမြန်းရာ မြို့နယ်ဥပဒေအရာရှိကပြန်လည်ဖြေကြားပေးခဲ့ပြီး လူထုခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲအား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်း ကျင်းပ

**ကလော ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ကလောမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လ-၁၌ လူငယ်စကားဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ လူငယ်စကားဝိုင်းတွင် ကလောမြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)လ-၁ ကျောင်းအုပ်ဆရာကြီး ဦးနိုင်ထက်လင်းက အဖွင့်အမှာစကားပြောကြားပြီး ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က လူငယ်များအား စာဖတ်ရှိန်မြှင့်တင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များပေါ်ထွက်လာစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနအနေဖြင့် လူငယ်စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း၊ ထို့အပြင် ကျောင်းသားလူငယ်များ စာဖတ်စွမ်းရည်များတိုးတက်လာပြီး အသင်းအဖွဲ့များတွင် ပါဝင်လုပ်ဆောင်ဆွေးနွေးတတ်သည့် အလေ့အကျင့်များ၊ ကိုယ်ရည်ကိုယ်သွေးများနှင့် နှုတ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က ဦးဆောင်ဆွေးနွေးသူအဖြစ်ပါဝင်ပြီး အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)လ-၁ မှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်ဆိုရှယ်မီဒီယာ၊ လူငယ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့ခေါင်းစဉ်ဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများအပေါ် အခြေခံကာ မိမိတို့သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်နှင့် ပါဝင်ဆွေးနွေးသူများက အသီးသီး ပြန်လည်ဖြေကြားပေးခဲ့သည်။ လူငယ်စကားဝိုင်းသို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)လ-၁ မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)




# လူသုံးကုန်ပစ္စည်းများ အရည်အသွေးပြည့်မီရေးစစ်ဆေး

**ကျောက်ဆည် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့အတွင်းရှိ စတိုးဆိုင်များတွင် ရောင်းချသည့် လူသုံးကုန်ပစ္စည်းများ အရည်အသွေးပြည့်မီရေးနှင့် ဝယ်ယူသူပြည်သူများအား ဝန်ဆောင်မှုပြည့်ဝစွာပေးနိုင်ခြင်း ရှိ၊ မရှိ ယမန်နေ့ မွန်းလွဲပိုင်းက ကျောက်ဆည် ခရိုင်သူရေးရာဦးစီး ဌာနမှ ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်ခဲ့သည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်စားသုံးသူရေးရာဦးစီး ဌာနမှ ကျောက်ဆည်မြို့နယ် တာဝန်ခံ ဒုတိယဦးစီးမှူး ဦးစိုးမင်းထွန်းက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရောင်းချသည့် ပစ္စည်းများအပေါ် ဝန်ဆောင်မှုများ၊ အာမခံချက်များကို သတ်မှတ်ချက်များနှင့် ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များ ရှင်းလင်းပေးခြင်း၊ ဝယ်ယူစားသုံးသူပြည်သူများအား ခွဲခြားမှုမရှိဘဲ ဖြောင့်မတ်မှန်ကန်စွာဆက်ဆံခြင်း၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ခြင်း၊ ပစ္စည်းများ ကုန်သွယ်မှုပြုရောင်းဝယ်ခြင်းနှင့် ထုတ်လုပ်မှုပြုလုပ်ခြင်း ပြုလုပ်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက သတ်မှတ်ထားသည့် အရည်အသွေးစံသတ်မှတ်ချက်များအပေါ် အခြေခံ၍ အာမခံချက်ပေးခြင်းများ ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး အရည်အသွေးပြည့်မီသော ပစ္စည်းများကိုသာ ရောင်းချကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဝယ်သူများအား မိမိတို့ဝယ်ယူသည့် ပစ္စည်းများနှင့် ဆိုင်ရှင်များမှ အခြေခံဝန်ဆောင်မှုများပေးသည့်အပေါ် စိတ်ကျေနပ်မှုရရှိစေခြင်း၊ ပစ္စည်းအကြောင်းအရာများ ပြည့်စုံမှန်ကန်စွာသိရှိခွင့်နှင့် အရောင်း၊ အဝယ်ပြေစာ၊ အထောက်အထားရယူခွင့်ရှိခြင်း၊ စားသုံးသူစိတ်ကြိုက်ရွေးချယ်ဝယ်ယူခွင့်ရှိခြင်း၊ စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုများရှိပါက မိမိတို့ဝယ်ယူသည့် အရောင်းဆိုင်များတွင် ရှင်းလင်းတင်ပြခွင့်နှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ တိုင်ကြားခွင့်ရရှိစေခြင်း၊ နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ ပြန်အမ်းငွေများရရှိခြင်း စသည်တို့ သိရှိခြင်း ရှိ၊ မရှိ မေးမြန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

# နွေသီးနှံစိုက်ပျိုးရာ၌ မဲဇလီရေလှဲဆည်ရေဖြင့် စပါး ၃၃၂၃၅ ဧက လျာထားစိုက်ပျိုးမည်



**ပွင့်ဖြူ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မဲဇလီရေလှဲဆည်ရေဖြင့် နွေစပါးသီးနှံ ၃၃၂၃၅ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၃၂၃၅ ဧက စိုက်ပျိုးရန် လျာထားရှိပြီး ဒေသတွင်းရှိ တောင်သူများ သီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေး အတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်တွင် မဲဇလီရေလှဲဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

"ဒီနှစ် နွေသီးနှံရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆန်စပါး စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန် ရည်ရွယ်ပြီး စပါး ၃၃၂၃၅ ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ သတ်မှတ်ထားတဲ့ စိုက်ဧကတွေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်ကိုလည်း တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ကာ စပါးသီးနှံ စတင်မစိုက်မီ အချိန်ကတည်းက ကြိုတင်ပြီး စိုက်ပျိုးရေး နည်းပညာတွေနဲ့ မျိုးကောင်း မျိုးကောင်းသန့်ရရှိရေး လုပ်ငန်းတွေကို ကူညီဆောင်ရွက်နိုင်အောင် စီစဉ်ထားပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ စိုက်ပျိုးရေး ဦးစီးဌာနအပြင် စိုက်ပျိုးရေးနဲ့ သက်ဆိုင်တဲ့ ဆက်စပ်ဌာနများနဲ့ ချိတ်ဆက်ကာ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

စပါးသီးနှံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုများ ကောင်းမွန်၍ ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်ကာ တောင်သူများအတွက် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများကို အထွက်နှုန်းများ တိုးတက်အောင် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလှဲဆည်ရေဖြင့် နွေစပါး ၃၃၂၃၅ ဧက၊ နွေနှမ်း ၂၇၁၉၃ ဧက၊ စုစုပေါင်း နွေသီးနှံစိုက်ဧက ၆၀၄၂၈ ဧက လျာထားစိုက်ပျိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရကာ ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသည့် စပါးမျိုးများမှာ ဆာဖိုးသာ၊ GW-1၊ ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ ချမ်းမြေ့မေ စသည့် စပါးမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၁၀၅)

သွယ်အောင်

အချစ်ကဗျာများဖြင့် မဂ္ဂဇင်းစာမျက်နှာပေါ် စတင်ဖြတ်သန်းခဲ့ရသည့်အတွက် ထိုစဉ်က မိမိအနေဖြင့် အချစ်ကဗျာရေးဖွဲ့မိသည်ကို ကျေနပ်နေမိသည်။ စာပေလောကသို့ အလွယ်အကူဆုံး၊ အရိုးရှင်းဆုံးနည်းဖြင့် ဝင်ရောက်ဖို့ လွယ်ကူသည့်နည်းလမ်းမှာ အချစ်ကဗျာများ ရေးဖွဲ့ခြင်းပင် ဖြစ်သည်။

ကျွန်တော်တို့ရှေ့မှ အချစ်ကဗျာများဖြင့် နာမည်ရကဗျာဆရာများမှာ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၊ မောင်မောက်(ဥက္ကလာ)၊ မောင်ပန်းမွှေး၊ မင်းလူ၊ ဆရာမောင်ခိုင်မာ အစရှိသူတို့ဖြစ်ပြီး ယင်းကဗျာဆရာများ၏ ကဗျာရေးဖွဲ့ဟန်၊ ရေးဖွဲ့နည်းများကို တုပ၍ ကျွန်တော်လည်း ရေးဖွဲ့ကြည့်ပါသည်။

မည်သို့ပင်ဖြစ်စေ အချစ်ကဗျာဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်နိုင်ခဲ့သည့်အတွက် အချစ်ကဗျာရေးခဲ့ရသည့် ကျေးဇူးတရားကို အမြဲတမ်းသတိရနေမိပါသည်။ အချစ်ကဗျာများ ရေးဖွဲ့ပြီးမှ မိမိရေးလိုသော ဘဝဒဿန၊ ခေတ်ပေါ်၊ မော်ဒန်များ ပြောင်းလဲရေးဖွဲ့နိုင်ခဲ့ပါသည်။

ကျွန်တော်ရေးဖွဲ့ခဲ့သော အချစ်ကဗျာတစ်ပုဒ်၏ နောက်ဆုံးအပိုဒ်မှ စကားလုံးများကို နာမည်ရဝတ္ထုလုံးချင်း ဆရာမတစ်ဦးက ခပ်တည်တည်ဖြင့် သူ၏လုံးချင်းဝတ္ထုစာအုပ်အမည် သုံးစွဲခဲ့သည်ကိုလည်း ကြုံတွေ့ခဲ့ရဖူးသည်။

ထိုလုံးချင်းဆရာမမှာ ဉာဏ်ဝင်းစာပေမှ လစဉ် ပုံမှန်လုံးချင်းစာအုပ်များ ထွက်လျက်ရှိသော ဆရာမစုလှဖြူဖြစ်သည်။ အလွန်အောင်မြင်သော စာရေးဆရာမဖြစ်သဖြင့် သူငယ်ချင်းအောင်ဂျမ်းနှင့် တိုင်ပင်ပြီး စာအုပ်ထုတ်ဝေသူ ဉာဏ်ဝင်းစာပေသို့ စာတစ်စောင် ရေးပို့ပြီး အသိပေးလိုက်ရာ ဉာဏ်ဝင်းစာပေမှ ကျွန်တော့်အား ပြန်လည်တောင်းပန်သည့်အတွက် လုံးချင်းဝတ္ထုအမည်နှင့် ကျွန်တော့်ကဗျာ စာသားများ အမည်တူကိစ္စကို နားလည်ခွင့်လွှတ်ပေးခဲ့ပါသည်။

လုံးချင်းဝတ္ထု အမည်တူခဲ့သော ကျွန်တော်၏ ကဗျာစာသားမှာ ရုပ်ရှင်အောင်လံမဂ္ဂဇင်း ၁၉၈၇၊ ဇန်နဝါရီလထုတ်တွင် ဖော်ပြပါရှိခဲ့သော အချစ်ကဗျာတစ်ပုဒ်ဖြစ်သည်။ ကျွန်တော်၏ ကဗျာစာသားမှာ **'မယုံချင်စရာ ပုံပြင်ပမာ ရင်မှာဝမ်းနည်း ကြေကွဲရပါသည်'** ဖြစ်ပြီး ယင်းကဗျာစာသားအတိုင်း စုလှဖြူက သူ၏လုံးချင်းဝတ္ထုကို အမည်ပေးထုတ်ဝေခဲ့ပါသည်။

ကျွန်တော်ကဗျာစာသားနှင့် အမည်တူသုံးစွဲသူ အနုပညာသမားတစ်ဦးလည်း ရှိခဲ့ဖူးပါသည်။ ၄င်းမှာ အခြားသူမဟုတ်။ ကျွန်တော့်အစ်ကိုလို ခင်မင်ရသော ကဗျာဆရာ နီမောင်(အင်း၀)ဖြစ်သည်။ သူ၏ကဗျာစာသားကို ဝတ္ထုရေးသူက သုံးစွဲခြင်းမဟုတ်ဘဲ နာမည်ရ အဆိုတော်တစ်ဦးက သူ့သီချင်းတိပ်ခွေကာဗာအဖြစ် ယူငင်သုံးစွဲခြင်းဖြစ်ပါသည်။ ယင်းအဆိုတော်မှာ နာမည်ရ အောင်မြင်နေသော အဆိုတော်ဖြစ်သည်။

တေးထုတ်လုပ်သူက ဆရာနီမောင်၏ ကဗျာစာသားကို မသိဘဲ သီချင်းကာဗာခေါင်းစဉ်အဖြစ် သုံးစွဲလိုက်ခြင်းဖြစ်သည်။ ယင်းစာသားကို အဆိုတော်က အလွန်ကြိုက်နှစ်သက်၍လည်း ယူသုံးလိုက်ခြင်းဖြစ်သည်။ အဆိုတော်မှာ အခြားသူမဟုတ် 'လွှမ်းမိုး'ဖြစ်ပြီး တေးထုတ်လုပ်သူမှာ လှိုင်းတေးသံသွင်းမှ ဦးဘမင်း ဖြစ်သည်။

ထိုသီချင်းခွေ၏ ခေါင်းစီးမှာ 'ပန်းနု နှင်းဆီ' သီချင်းခွေဖြစ်လေသည်။ နောက်ပိုင်း 'ပန်းနု နှင်းဆီ' စာသားမူပိုင်ရှင်မှာ ကဗျာဆရာနီမောင်ဖြစ်သည်ကို အဆိုတော် လွှမ်းမိုးက သိသွားပြီး ခေါင်းစီးစာသားအတွက် ဉာဏ်ပူဇော်ချီးမြှင့်ပေးဖို့ တေးထုတ်လုပ်သူကိုပြောကြောင်း ကြားသိရသည့်အတွက် ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။

ယင်းဖြစ်စဉ်မျိုးနှင့်အတူ ကျွန်တော့်သူငယ်ချင်း အောင်ဘညိုလည်း အဆိုတော်တစ်ဦးမှ သီချင်းကာဗာခေါင်းစီး ဝယ်ယူသုံးစွဲမှုမျိုး တွေ့ကြုံခဲ့ရသည်။ ယင်းအဆိုတော်မှာ လေးဖြူဖြစ်ပြီး လေးဖြူက 'ပင်လယ်အော်သံ' စကားလုံးကို ကဗျာဆရာ အောင်ဘညိုဆီမှ ဉာဏ်ပူဇော်ခ ပေး၍ ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က သူငယ်ချင်းအောင်ဘညို အတွက် ကဗျာစာသား စကားလုံးလေးလုံးထဲဖြင့် ငွေကျပ် ၅၀၀၀ ရရှိခဲ့ခြင်းဖြစ်သည်။ အလားတူ အဆိုတော်မာရဇ္ဇ၏ 'ဂမ္ဘီရမိုးကြိုး' သီချင်းခွေသည်လည်း ကဗျာဆရာတစ်ယောက်၏ စာသားဖြစ်ကြောင်း သိရသည်။

ယင်းသို့ ကဗျာစာသားများကို အခြားအနုပညာသမားတစ်ဦးက မူလကဗျာဆရာ မသိဘဲ ယူငင်သုံးစွဲသည့်ကိစ္စရပ်များမှာ တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းဆောင်ရွက်ကြခြင်းဖြင့် ပြေလည်သွားသလို၊ မပြေလည်ဘဲ တရားရင်ဆိုင်ဖြေရှင်းကြခြင်းဖြင့် အမှုအခင်းဖြစ်ကာ တရားရုံးသို့ ရောက်သွားသည်များလည်း ရှိခဲ့သည်။

ကဗျာဆရာမောင်နွေထက်၏ 'ပန်းသီတဲ့ကြိုး' ကဗျာစာသားနှင့် ဒါရိုက်တာ ဝင်းဖေ၏ 'ပန်းသီတဲ့ကြိုး' ရုပ်ရှင်တို့ဖြစ်သည်။ ကဗျာလောကတွင် ဖြစ်တတ်သော အရေးကိစ္စများဖြစ်၍ ကျွန်တော်တို့ ကဗျာရေးသူများကလည်း အခြားကဗျာရေးသူများ၏ စကားလုံးတူ၊ အမည်တူ စာသားများကို အထူးသတိထား၍ ပြဿနာမဖြစ်အောင် ကဗျာရေးဖွဲ့ရပါသည်။

နဂိုမူရင်းရှိပြီးသား စကားလုံးများက ပြဿနာမဖြစ်နိုင်ပါ။ ဥပမာ- တောင်တန်း၊ သစ်ပင်၊ မြစ်၊ ပင်လယ်၊ လမင်း၊ မိုးတိမ်၊ စကြဝဠာ၊ ကြယ်စင်၊ တောင်ကုန်း၊ တောအုပ် စသည့်စကားလုံးတို့ ဖြစ်သည်။ ယင်းစကားလုံးများမှ ခွဲထွက်၍ ကဗျာဆရာ အသစ်ဖန်တီးထားသော စကားလုံးများကိုတော့ အသစ်ဖန်တီးသူ ကဗျာဆရာကို လေးစားတန်ဖိုးထားရမည်ဖြစ်ပါသည်။

ဤတွင် ဆရာကြီး ဒဂုန်တာရာ၏ ကဗျာစာသားတစ်ခုကို ဥပမာပေး တင်ပြလိုသည်။ ယင်းကဗျာစာသားမှာ 'လေနုအေးက နော့ဆဲကို' ဆိုသော ကဗျာစာသားဖြစ်ပါသည်။ 'လေနုအေး' စာသားကို စာရေးဆရာ အတော်များများက ယူငင်သုံးစွဲကြသည်မှာ စာဖတ်သူများက သိပြီးဖြစ်နေသည်။ ဆရာ ဒဂုန်တာရာသည် စကားလုံးအသစ်ကို တီထွင် နိုင်စွမ်းရှိသူတစ်ဦး ဖြစ်သည်။

ဆရာတာရာ တီထွင်သုံးစွဲခဲ့သော စကားလုံးများမှာ 'ဝေါဒစ္စနေအပြာ'၊ 'ဝစ်လစ်စလစ်လမ်းမ'၊ 'လေနုအေး'၊ 'ရုပ်ပုံလွှာ' အစရှိသည့် စကားလုံးများဖြစ်သည်။

ကျွန်တော်မှာ ကဗျာဆရာများ၏ စကားလုံးတီထွင်သုံးစွဲမှုကို လေးစားအတုယူ သင်ယူခြင်းဖြင့် ကိုယ်တိုင် ကဗျာရေးဖွဲ့သည့်အခါတွင်လည်း ကဗျာစကားလုံးအသစ်ရရန် ကြိုးစားရေးဖွဲ့ဖြစ်လေသည်။

ယင်းသို့ ကဗျာများ ရေးဖွဲ့နေစဉ် အရင်က စိတ်ကူးယဉ်ခဲ့ဖူးသည့် အိုးအိမ်တစ်ခုတည်ဆောက်ဖို့ ကဗျာဖွဲ့သလို ရေးဖွဲ့ကြည့်ခဲ့ဖူးသည်။ စိတ်ကူးမှာ ရူးကြောင်ကြောင်နိုင်လှသည်ဟု ဆိုရမည်။ ကျွန်တော်တို့ရှေ့က စာရေးဆရာကြီးများ၊ ကဗျာဆရာကြီးများ၏ 'စာပေမောင်နှံဘဝတွေ'ကို အားကျနေမိခြင်း ဖြစ်သည်။

ဥပမာဆိုရသော်- တက်တိုးနှင့်နုယဉ်၊ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ဂျာနယ်ကျော် မမလေး၊ ဒေါင်းနွယ်ဆွေနှင့် တိုင်းရင်းမေ မမြင့်နွယ်၊ မင်းယုဝေနှင့် ငွေတာရီ၊ လူထုဦးလှနှင့် လူထုဒေါ်အမာ အစရှိသည့် စာပေမောင်နှံတို့ကို လေးစားအားကျနေမိခြင်းပင်။ ယင်းစိတ်ကူးကို သူငယ်ချင်း စာရေးဆရာမဖြစ်သူ မကိုအား ပြောပြသောအခါ သူက ကျွန်တော့်ကိုကြည့်ပြီး တစ်ခစ်ခစ်ရယ်ကာ ရယ်ပွဲဖွဲ့၍ အားမနာတမ်းပြောလေတော့သည်။

'သွယ်အောင်ရေ ... နင်ဟာ ... ကဗျာဆရာပီပီ အတော်စိတ်ကူးယဉ်ဆန်ပြီး အရူးထတာပဲ၊ အေး ... ငါကတော့ ငါ့အိမ်ထောင်ဖက်ဟာ ဝါသနာတူစာရေးဆရာ ဘယ်တော့မှ မဖြစ်စေရဘူး ...။ ဝါသနာတူနေရင် ငါ့ရဲ့လွတ်လပ်မှုကို အဟန့်အတားဖြစ်စေမှာမို့ ... တခြားသူတစ်ယောက်ကိုပဲ ရွေးမှာပဲ'

ကျွန်တော့်မှာ သူ၏စကားကို ကြားပြီး ပြန်လည်တုံ့ပြန်ခြင်းမရှိဘဲ ခပ်ဆိတ်ဆိတ် ငြိမ်နေလိုက်သည်။ တစ်စပ်တည်း ကျွန်တော်တွေးမိသည်က ကြားဖူးနားဝရှိသည့် အဆိုအမိန့်တစ်ခုက ခေါင်းထဲဝင်လာသည်။ တခြားမဟုတ် 'အသွင်တူလျှင် အိမ်သူဖြစ်သည်'ဟူသော အယူအဆပင်။ အသွင်မတူသည့် အိမ်ထောင်ဖက်တွေများစွာရှိနေသည်ကိုလည်း သိနေရသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်စိတ်ကူးနှင့် တစ်ထပ်တည်းမကျသည့် ကျွန်တော် မြတ်နိုးတန်ဖိုးထား ချစ်ခင်ရမည့် ဖူးစာရှင်ရှိသော မြို့တစ်မြို့သို့ ခရီးထွက်ခွင့် ကြုံခဲ့ရသည်။ ယင်းမြို့လေးမှာ မန္တလေးမြို့တောင်ဘက်ရှိ မြင်းခြံမြို့ပင် ဖြစ်သည်။

မြင်းခြံမြို့သို့ ခရီးထွက်ဖြစ်ရသည့်အကြောင်းမှာ ကျွန်တော့်အိမ်မှ ထုတ်လုပ်သောဖိနပ်များ မြင်းခြံမြို့ မြနှင်းဆီဖိနပ်ဆိုင်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဖိနပ်ကုန်ပစ္စည်းရငွေများ သွားယူရန် ကျွန်တော့်အိမ်မှ စေလွှတ်သောကြောင့် မြင်းခြံမြို့လေးသို့ ခရီးထွက်ခဲ့ရခြင်းဖြစ်လေသည်။ ထိုမြို့လေးတွင် ကျွန်တော်၏ ကြင်ယာဇနီးလောင်း ဖူးစာရှင် ရှိနေသည်ကို ကြိုတွေးထင်မထားဘဲ ထိုခရီးကို အမှတ်တမဲ့ ထွက်ခွာလာခဲ့မိသည်။

ခရီးထွက်ရင်း မြင်းခြံ ပြည်တော်အေးကားပေါ်မှာ 'ခရီးထွက်ခြင်း' ဆိုသော ကဗျာတစ်ပုဒ်ကို ရင်ဘတ်ထဲမှာ ကဗျာစာစီ ရေးဖွဲ့ကြည့်နေမိသည်။

**ခရီးထွက်ခြင်း**

* **ငါတို့ .....**
  **ဘုရားဖူးသွားနေကြတာလားလို့**
  **တောအုပ်တောင်တန်းတွေက**
  **မေးနေတယ်။**
* **ရာသီတွေဟာ .....**
  **ချောကလက်လို ချိုအီနေတယ်။**
* **နေမင်းဟာ .....**
  **ဝိုင်အရက်လို ပြင်းရှနေတယ်။**
* **ကောင်းကင်ဟာ ....**
  **ရေခဲပြင်လို အေးမြနေတယ်။**
* **လမင်းဟာ ....**
  **အဝါရောင် ဖရဲသီးမှည့်လို**
  **ရွှန်းစိုနေတယ်။**
* **ဒါကြောင့်**
  **ငါတို့ ... ဘုရားဖူးသွားနေကြတာ**
  **ဟုတ်၊ မဟုတ်**
  **တောအုပ်တောင်တန်းတွေ**
  **တွေးကြည့်ဖို့ကောင်းတယ်။** ။

သွယ်အောင်
(၁၉၉၁)

ခရီးသွားရင်းကားပေါ်မှာ ရေးဖွဲ့ခဲ့သော 'ခရီးထွက်ခြင်း' ကဗျာ နောင် ၃ နှစ်ကြာသောအခါ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း ၁၉၉၄၊ စက်တင်ဘာလထုတ်တွင် အဖွင့်စာမျက်နှာမှ ပုံနှိပ်ဖော်ပြပါရှိခဲ့လေသည်။



## လူငယ်များအတွက် အသိပညာပေးဟောပြောပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၈**

ကျောင်းသား၊ကျောင်းသူ လူငယ်များ အထွေထွေအသိပညာ ဗဟုသုတများရရှိစေရန် ဗလ ငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန်အတွက် ဌာနဆိုင်ရာများပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် နံနက်ပိုင်းတွင် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၊ ပညာရတနာခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ဒက္ခိဏသီရိ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ဟောပြောပွဲတွင် လယ်ဝေး ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေဆွေ သွယ်က သဘာဝပတ်ဝန်းကျင်နှင့် အမျိုးသမီးကဏ္ဍနှင့် အိမ်တွင်း လေထုညစ်ညမ်းမှု ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာ ဝင်းက လူငယ်နှင့် ခေါင်းဆောင်မှု စွမ်းရည် ခေါင်းစဉ်ဖြင့်လည်း ကောင်း၊ မြို့နယ်ဥပဒေရုံး ဒုတိယ မြို့နယ်ဥပဒေအရာရှိ ဒေါ်သင်း သင်းမော်က အမျိုးသမီးများအတွက် ကာကွယ်ပေးရေးဥပဒေခေါင်းစဉ် ဖြင့်လည်းကောင်း၊ ဒက္ခိဏသီရိ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲမှူး ဇော်မင်းနိုင်က မှုခင်းကျဆင်းရေး ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး အသိပညာပေး ဟောပြော ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက် လာကြသည့် ကျောင်းသား၊ကျောင်း သူများအား လူငယ်ရေးရာနှင့် စပ်လျဉ်း၍ ဉာဏ်စမ်းပဟေဠိ မေးခွန်းများကို မေးမြန်းရာ ဖြေဆို နိုင်သည့် ကျောင်းသား၊ကျောင်းသူ များအား တာဝန်ရှိသူများက ဂုဏ် ပြုဆုများ ချီးမြှင့်ပေးအပ်ကြ သည်။

ထို့နောက် အမှတ်(၁၈)အခြေခံ ပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေး အေးငြိမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ဒက္ခိဏ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်း ပြသထားသည့် စာဖတ်ရှုမြှင့်တင် ရေးဆိုင်ရာ အသိပညာပေးနံရံကပ် စာစောင်များကို ဆရာ၊ ဆရာမများ နှင့် ကျောင်းသား၊ကျောင်းသူများ က စိတ်ပါဝင်စားစွာ ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးသောက်ပန်း ကိုယ်ပိုင်အထက်တန်းကျောင်းတွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၈**

လူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်၍ ဗလငါးတန်နှင့် ပြည့်စုံ စေရန်၊အသိပညာဗဟုသုတရရှိပြီး နိုင်ငံတော်အတွက်အကျိုးပြုနိုင် သော ကျောင်းသား၊ ကျောင်းသူ များပေါ်ထွက်လာစေရန် ရည်ရွယ် ၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီး ဌာနတို့ ပူးပေါင်း၊ ဆောင်ရွက် သော လူငယ်စကားဝိုင်းကို ဇန်န ဝါရီ ၁၇ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ မဟာ အောင်မြေခရိုင်၊ ချမ်းမြသာစည် မြို့နယ်၊ မိုးသောက်ပန်းအထက် တန်းကျောင်းရှိ ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ် ဆရာကြီးကိုယ်စား ဆရာကြီး ဦးစိန်လင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ချမ်းမြသာစည် မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လူငယ် စကားဝိုင်းကျင်းပရခြင်း ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြား ခဲ့သည်။ ထို့နောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး က Moderator အဖြစ် ဦးဆောင် ဆွေးနွေးခဲ့ပြီး Grade(10) ကျောင်းသား၊ ကျောင်းသူလေး များက "လူငယ်နှင့် နည်းပညာ"၊ "လူငယ်နှင့်ကျန်းမာရေး"၊ "လူငယ် နှင့်စာပေ"၊ "လူငယ်နှင့် မူးယစ် ဆေးဝါး"၊ "လူငယ်နှင့် ယဉ်ကျေး မှု"စသည့် ခေါင်းစဉ်များကို အသီး သီးဆွေးနွေးခဲ့ကြသည်။ ၄င်း နောက် စကားဝိုင်းသို့ တက်ရောက် လာသော ကျောင်းသား၊ကျောင်းသူ များက ပြန်လည်ဖြည့်စွက်ဆွေး နွေးခဲ့သည်။

လူငယ်စကားဝိုင်းသို့ မြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများ မိုး သောက်ပန်းကိုယ်ပိုင်အထက်တန်း ကျောင်းမှ ကျောင်းအုပ်ဆရာကြီး နှင့် ဆရာ၊ ဆရာမများ၊ ကျောင်း သား၊ကျောင်းသူများ တက်ရောက် ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**ချမ်းမြေ့**



ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့ ။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

### မန္တလာမြေ

* အုတ်ကျစ်ကျော်အေး မန္တလေးလို့
ထိုးရေးမှတ်တမ်း တည်ခဲ့ကမ်းသည်
များလှမ်းခဲ့ပါ ထက်အညာက
သာယာဒီပြည် မန်းရွှေမြေ ။

* မြနန်းစံကျော် ရွှေနန်းတော်လည်း
တည်လျော်သည်မြေ ခိုင်ခံ့ပေနဲ့
အရိုင်းကင်းပါ အယဉ်သာလို့
မကွာသူ့မြေ ကျုံးယှဉ်ပေတဲ့
ခန့်နေလေးဘက် တံတိုင်းယှက်ကာ
အတွက်တည်နေ မန်းတောင်ခြေ ။

* မန်းတောင်ရိပ်ညို့ သူကားခို၍
မိုပိုသာမော ရှမ်းတောင်ကြောပြင်
လှသောသည်ပြည်(ပြေ) ရန်ကင်းမြေနဲ့
မသွေမတွ္တရာ ရှခင်းသာသည်
မကွာယှက်သန်း သည်မြေဝှမ်း ။

* မန္တလေးဆို ဈေးချိုပျိုနဲ့
မဒိုကမ်းဆက် စည်မြေထက်မှာ
လေးဘက်လေးတန် ကျောင်းကန်ရံလို့
ကွက်ဟန်ကျညီ မြို့ကွက်ပီပြင်
တည်မှီ"ဝင်း"များ လွှမ်းခန့်ညား၍
မဟာထေရ်များ သံဃာအားနဲ့
မနားပါလေ စာဝါမြေတည့် ။

* အနောက်တစ်ခွင် လှည့်ကြည့်စဉ်လည်း
အသွင်ခန့်တည် ဧယျာပြည်နှင့်
မိုနေစစ်ကိုင်း မင်းဝံလှိုင်းက
အရိုင်းမဆင် အလှယဉ်သည်
ရင်ပြင်သည်မြေ နန်းလှပြည်(ပြေ) ။

* မန္တလာပြည်(ပြေ) ရတနာမြေကား
တည်ပေအညာ ပြည်လယ်ပါတည့်
ဆုံကာသွားလမ်း ကုန်ကူးသန်းမို့
မှီကမ်းရိုးရာ ရေးစဉ်လာနဲ့
ပန်းသာဆယ်မျိုး အလှတိုးပြင်
မြစ်ရိုးအလှ ယှဉ်ကာသမို့
အလှရေမြေ မန်းရွှေပြည်(ပြေ)ကို
မသွေမိတ်များ လှမ်းခဲ့ပါ··· ဟု
မနားဖိတ်ခေါ် ဖိတ်၍ခေါ်၏ ။
ခေါ်ပါ၏ ။ ။

**ရေချမ်း မန်း**

## သတင်းပဒေသာ

### ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော် ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၆ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုင်းမွန်းက ကျောင်း၏ကိစ္စအရပ်ရပ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းအကြောင်းကို ဆွေးနွေးတင်ပြခဲ့ပြီးနောက် တာဝန်ရှိသူများက ပညာရည်ချွန်ဆု၊ ဘက်စုံထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်အမှန်ဆုံးဆုရ ဆရာ၊ ဆရာမများအား ဆုများအသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ဉာဏ်ရည်မြှင့်ဂိမ်းကစားနည်းပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ရှိ Community Centre တွင် သားငယ်၊ သမီးငယ်များ ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်များ ဖွံ့ဖြိုးတိုးတက်စေရန် ဉာဏ်ရည်မြှင့်ဂိမ်းကစားနည်းပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပြုလုပ်ဆောင်ရွက်ခဲ့သည်။

မိုင်းနောင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဝန်ထမ်းများသည် မူကြိုသားငယ်၊ သမီးငယ်များအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်များ မြင့်မားစေရေး၊ လူမှုပတ်ဝန်းကျင်အတွင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေး၊ တစ်ဦးနှင့်တစ်ဦး စည်းစည်းရုံးရုံး ညီညီညွတ်ညွတ် နေထိုင်တတ်စေရေးတို့အတွက် ရည်ရွယ်ကာ ဉာဏ်ရည်မြှင့်ဂိမ်းကစားနည်း ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### လူငယ်ရေးရာ အသိပညာပေးဟောပြော

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရွာတော်(ရွာသစ်)၌ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းဆွေဆွေအေးက ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားထားရသည့် လူကောင်းလူတော်များ ဖြစ်လာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ လူငယ်နှင့် စာဖတ်ခြင်းအလေ့အထ ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ပြည်သူ့စာကြည့်တိုက် (၁၁)နှစ်ပြည့်အထိမ်းအမှတ် နှုတ်မှုစွမ်းရည်ပြိုင်ပွဲ ကျင်းပ

လယ်ဝေးမြို့နယ်၊ အမှတ် (၁)ရပ်ကွက်တွင် ဖွင့်လှစ်ထားသည့် အမေသန်းပြည်သူ့စာကြည့်တိုက် (၁၁)နှစ်ပြည့်အထိမ်းအမှတ် နှုတ်မှုစွမ်းရည်ပြိုင်ပွဲများကို ယမန်နေ့ ညနေပိုင်းက အဆိုပါ စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်ရွှေက စာကြည့်တိုက်စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ရေရှည်တည်တံ့အောင် ဆောင်ရွက်ခဲ့မှုများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် စာကြည့်တိုက်ကော်မတီအတွင်းရေးမှူး ဒေါ်စည်စည်ထွန်းက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အမှတ်ပေးစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



### ဖောမိငါးထောင်ဥယျာဉ်တော်သို့ ဗုဒ္ဓရုပ်ပွားတော်နှင့် ထီးတော်လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာနပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခ၊ (အတိဇေအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဦးဆောင်သည့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ဖောမိငါးထောင်ဘုရားသို့ ရပ်ဝေးရပ်နီးမှ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ခုနှစ်သောင်းကျပ်၊ ထီးတစ်လက် ခြောက်သောင်းငါးထောင်ကျပ်ဖြင့် လှူဒါန်းလျက်ရှိရာ အလှူရှင် မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ ဦးမြင့်သိန်း + ဒေါ်အုံးတင်၊ (သမီး) မမာမာမြင့်၊ မဝါဝါမြင့် မိသားစုက ဘိုးဘွားမိဘများအား အမျှထား၍ ထီးတော်တစ်လက်၊ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ စုစုပေါင်းငွေကျပ် တစ်သိန်းသုံးသောင်းငါးထောင်ကျပ်ကို ယမန်နေ့က လှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အလားတူ အလှူရှင် မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ ဘိုးဘွားမိဘများအား ရည်စူး၍ ဦးမြင့်သိန်း+ဒေါ်အုံးကျင်၊ (သား)ကိုစိုးမိုးအောင်+မချိုချိုမြင့် မိသားစုက ထီးတစ်လက်၊ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ ဘိုးဘွားမိဘတို့အား ရည်စူး၍ ဒေါ်သောင်းတင်(မောင်) ဦးမြင့်သိန်း+ဒေါ်အုံးတင်၊ သားသမီးတစ်စုက ထီးတော်တစ်လက်၊ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ နှစ်ဖက်မိဘများအား အမျှထား၍ ဦးကျော်အောင်+ဒေါ်ကြူကြူမြင့်၊ (သား)ဝေဖြိုးကျော်၊ (သမီး) ဆောင်းနှင်းဖြူ မိသားစုက ထီးတော်တစ်လက်၊ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ နှစ်ဖက်မိဘများ ရည်စူး၍ ဦးစိုးလွင်ဦး + ဒေါ်ရီရီချို မိသားစုက ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ ထီးတစ်လက်၊ မန္တလေးမြို့ ရေနီမြောင်းဈေး ဈေးကောက်နှင့် ဈေးသူ၊ ဈေးသားများက ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ ထီးတစ်လက် အသီးသီး လှူဒါန်းကြကြောင်း သိရသည်။ **(အပေါ်ပုံ)(ကဆ)**

### ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၊ ကျန်းမာရေးထောက်ပံ့ငွေနှင့် စားသောက်ကုန်များပေးအပ်

**မန္တလေး ဇန်နဝါရီ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ တိုင်းဒေသကြီး၊ခရိုင်နှင့် မြို့နယ်မီးသတ်စခန်းများမှ သန္နမီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တွေ့ဆုံပွဲ၊ ကျန်းမာရေးထောက်ပံ့ငွေနှင့် စားသောက်ကုန်ပေးအပ်ပွဲကို ဇန်နဝါရီ ၁၅ရက် နံနက် ၉ နာရီခွဲက ချမ်းမြသာစည်မြို့နယ်မီးသတ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုတို့က တိုင်းဒေသကြီး၊ မြို့နယ်နှင့် ဗဟိုမီးသတ်စခန်းမီးသတ်တပ်ဖွဲ့ဝင်မိသားစုများနှင့် စကားအင်းအမြန်လမ်းနယ်မြေ မီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များအား ဆီ ၅၀ကျပ်သားနှင့် စားသောက်ကုန်များကို လည်းကောင်း၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ဆေးကုသမှုခံယူနေသော လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်အား ကျန်းမာရေးထောက်ပံ့ငွေကျပ်သုံးသိန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(ဝ၄၅)**




> အသက်သည် သွေး၊ သွေးသည် အသက်။



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် စစ်ကိုင်းလမ်းဟောင်းထိပ်နေ ဦးသိန်းတန်+ဒေါ်ခင်မာရီ (T.T ဆီဆိုင်)မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ဆယ်သိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာတင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။

(ကဆ)

*- *- *- *- *-*- *- *

### YEC ရတနာပန်းခင်းပရဟိတမိဘမဲ့ကျောင်း၊ ကျောင်းသားသီးသန့် ငါးထပ်ဆောင် ဆောက်လုပ်လျက်ရှိရာ ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၈လမ်း၊ တံခွန်တိုင်ဈေးအရှေ့ဘက်၊ရန်အောင်မင်္ဂလာလမ်း၊ မြောက်ဥယျာဉ်ရပ်ကွက်၊ ခန္ဓောတိုက်၊ အမှတ်(၂၅)ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း YEC ရတနာပန်းခင်းပရဟိတမိဘမဲ့ကျောင်း ကျောင်းသားသီးသန့် ငါးထပ်ဆောင်တည်ဆောက်လျက်ရှိရာ ခုနစ်ရက်သားသမီးများ ပါဝင်ကုသိုလ်ပြု လှူဒါန်းနိုင်သည်။

YEC ရတနာပန်းခင်းပရဟိတမိဘမဲ့ကျောင်းတွင် အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားကလေးငယ်များ အပါအဝင် သုံးလသား နို့စို့ကလေးအရွယ်မှ တက္ကသိုလ်ဝင်တန်းအရွယ်အထိ အရွယ်စုံကလေးဦးရေ ၅၀၀ ကျော်ကို ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေးများကို စောင့်ရှောက်ထားရှိရာ အာဟာရဒါန၊ဆေးပဒေသာပင်များ ပါဝင်ကုသိုလ်ပြု လှူဒါန်းလိုသူများအနေဖြင့် တာဝန်ခံဆရာတော် အရှင်သောဘဏ ဖုန်း ၀၉-၇၇၅၅၄၄၂၅၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)(ဝ၇ဝ)**



# မေတ္တာပန်းတစ်ခက် မွှေးပျံ့လျက်သာ

မင်းလပြည့်(ဟားခါး)

ရန်ကင်းတောင်ကား မြူခိုး ငွေ့များဖြင့် ရစ်သိုင်းနေသည်။ ရန်ကင်းတောင်အောက်ခြေရှိ ရန်ကင်းတောင်ရွာက လူသံ၊ ဆိုင်ကယ်မောင်းသံ၊ ကျွဲ၊ နွားများ နွားခလောက်သံများဖြင့် ကျေးလက်သဘာဝအလှကို ဖော်ကျူးနေသည်။ ရွာအရှေ့ရှိ လိန်ပင်ရွာလေးကိုပင် လှမ်းမမြင်ရ၊ တောင်ပေါ်ရှိ တောပန်းရနံ့များက လေအဝေ့တွင် မွှေးပျံ့သောရနံ့များကို သယ်ဆောင်လာပေးသည်။ ဆောင်းရောက်နေ၍ မြူခိုးငွေ့ပါးပါးက နေမင်း၏အပူဒဏ်ကို ကာကွယ်ပေးထားသည်။

အအေးဓာတ်က နံနက်စောစောတွင် ရစ်ပတ်နှောင်ဖွဲ့နေသလောက် နေရောင်ထွက်လာလျှင် အပူဓာတ်များက လွှမ်းကဲလွှမ်းလှသည်။ ရေကြည်ရွာနှင့် မနီးမဝေးရှိမြို့သာ ကုန်းရွာသူ ဆရာမလေး ကျော့ကျော့က ကျောင်းတွင်တာဝန်ကျ၍ စက်ဘီးစီးကာ ကျောင်းသို့ ထွက်လာသည်။ လမ်းမပေါ်တွင် ဆိုင်ကယ်၊ ကား၊ လူ အသွားအလာနည်းပါးနေ၍ စိတ်ကြည်နူးနေသည်။ ကျောင်းတွင် သူငယ်ချင်းဖြစ်သူ ဆရာမလေးနှင်းဆီလည်း ရောက်နေသည်။ ကျောင်းဝင်းအတွင်း သစ်ရွက်များကပင်သည် ပြန့်ကျဲနေသည်။

ကျောင်းက ကျယ်သည်။ ဧက ၀ ဒသမ ၂၅ ဧက ကျယ်သည်။ နှစ်ထပ်ကျောင်းဖြစ်သော်လည်း ကျောင်းသား၊ ကျောင်းသူပေါင်း ၃၀၀ ကျော်ရှိသည်။ ကျောင်းအနီးရှိ လိန်ပင်ရွာ၊ နည်းပညာတက္ကသိုလ်၊ စိုက်ပျိုးရေးသိပ္ပံ၊ ခြံလုပ်သား သားသမီးများလာတက်ကြသည်။ ရေကြည်ရွာက ကျောင်းသားများက အများဆုံးတက်ကြသည်။ မကြာမီ စက်ဘီး၊ ဆိုင်ကယ်များဖြင့် ကျောင်းဆီရောက်လာကြသည်။ ကျောင်းသား၊ ကျောင်းသူများကလည်း ပြုံးပျော်ရွှင်စွာလာကြသည်။

ကျောင်းက စာအသင်အပြကောင်းသည်။ ကျောင်းသား၊ ကျောင်းသူများကို ရင်ဝယ်သားနှင့်မခြား ဂရုစိုက်သည်။ ကျောင်းသား၊ ကျောင်းသူများက စာကြိုးစားကြသည်။ ယောက်ျားလေးများက အားကစားထူးချွန်၍ မိန်းကလေးငယ်များက အိမ်တွင်းမှုသင်တန်းတွင် ထူးချွန်ကြသည်။ ဘက်စုံတော်သည်။ ကျောင်းအုပ်ဆရာမကြီးကလည်း ကျောင်းကိုတိုးတက်ရန် အမြဲကြိုးပမ်းအားထုတ်နေသည်။ ဆရာမလေးကျော့ကျော့နှင့် ဆရာမလေးနှင်းဆီတို့က လူဝင်၊ လူထွက်သာမက ဧည့်သည်များကိုပါ အပေါက်ဝတွင် ကြိုးကြပ်ဆောင်ရွက်ပေးနေသည်။ မကြာမီ ဆိုင်ကယ်နောက်တွင်ပါလာသော ကျောင်းသားကိုကြည့်၍ ဆရာမလေးကျော့ကျော့တစ်ယောက် အံ့သြကာ ပါးစပ်မှလည်း ရေရွတ်မိလိုက်သည်။

‘ဟောတော့’

ဆရာမလေးကျော့ကျော့ အသံကြောင့် ဆရာမလေးနှင်းဆီက ဆရာမလေးကျော့ကျော့၏မျက်နှာကို ကြည့်လိုက်သည်။ ပြီးလျှင် ရောက်လာသော ကျောင်းသားနှစ်ဦးကို ကြည့်လိုက်သည်။ ကျောင်းသားနှစ်ဦး၏ လက်ထဲတွင် ရေပုံးငယ်နှစ်လုံးကိုင်ဆောင်လာသည်ကို တွေ့လိုက်ရသည်။ ဆရာမလေးကျော့ကျော့က ကျောင်းသားငယ်လေးကိုပြောသည်-

‘သားရယ် အိမ်ကယူလာစရာမလိုပါဘူး။ ကျောင်းမှာလည်း ပေါပါတယ်’

‘သားတို့ အိမ်က ရေပုံးတွေ၊သံကြေးသွပ်တွေ ရောင်းတဲ့ဆိုင်ပါ။ ကျောင်းမှာ ရေလိုရင် ခပ်ဖို့ အဖေက ယူသွားခိုင်းလို့ပါ’

‘ကျေးဇူးပါ ကလေးရယ်။ ဆရာမကြီးကိုလည်း ပြောပြလိုက်ပါ့မယ်’

ဆရာမလေးကျော့ကျော့တို့ ကျောင်းမှာ ကျောင်းသား၊ ကျောင်းသူများ ရေသန့်စင်ခန်း၊ ဆေးကြောသုံးရန်၊ သောက်ရန်ရေလိုသည်။ အိမ်တိုင်း အဝီစိတွင်းတူးထားသော်လည်း ကျောင်း၏လိုအပ်ချက်ကို အမြဲမဖြည့်ဆည်းနိုင်ပေ။ သို့ဖြစ်၍ ကျောင်းတွင်ရေခက်ခဲနေ၍ နီးစပ်ရာ အိမ်များတွင်ရေခပ်ရသည်။ သည်အခက်အခဲကို အများဆုံးသိသူက ရပ်မိ၊ ရပ်ဖ ဦးကျော်ဟိန်းဖြစ်သည်။ သူက ကျောင်း၏အခက်အခဲကို စာနာမိသည်။ သူတို့ရွာတွင် ကျောင်းရှိနေ၍ ကူညီပေးရန် တာဝန်ရှိနေသည်။

သို့ဖြစ်၍ ဦးကျော်ဟိန်းက ရေလှူသည်။ ပေ ၅၀ခန့်သာဝေးသော ဦးကျော်ဟိန်းအိမ်ကို ၄တန်း၊ ၅တန်း အရွယ်ကြီးသော ကျောင်းသားများက နံနက်ကျောင်းမတက်မီ တစ်ချိန်၊ နေ့လယ်ကျောင်းမတက်မီတစ်ချိန် ကျောင်းသား ၂၀ ခန့် ရေခပ်ပေးကြသည်။ ဆရာ၊ ဆရာမများက ရေကိုသုံးရန်နှင့် ရေကိုမဖြုန်းရန် ပြောပြသည်။ ကျောင်းသား၊ ကျောင်းသူများက လိမ္မာကြသည်။ ရေလိုအပ်ချက်က ကျောင်းအုပ်ဆရာမကြီးအတွက် ကြီးမားသောစိန်ခေါ်မှုဖြစ်နေသည်။ သို့သော် ကျောင်းသား၊ ကျောင်းသူများက ရေကိုချွေတာသုံးစွဲကြသည်။

ရေခပ်သော ကျောင်းသားများကို အတန်းဖော်များက သနားကြသည်။ သည်ထဲတွင် ရန်ကုန်စတိုးနှင့် စိုက်ပျိုးရေးမိသားစုမှ ဦးငွေဝင်းနှင့် ဇနီးဒေါ်ချောချော(အမည်လွှဲ)၏ သမီးဖြစ်သူ ယမင်း(အမည်လွှဲ)က စာနာစိတ်များ ဖြစ်ပေါ်နေသည်။ ရေအခက်အခဲကို ဘယ်လိုဖြေရှင်းပေးရမလဲ မစဉ်းစားတတ်ပေမဲ့ ကြုံကြိုက်ပါက ကူညီပေးရန် စိတ်ကမှတ်သားထားသည်။

ကျောင်းဆင်းသည်နှင့် ယမင်း စက်ဘီးလေးစီးပြီး အိမ်ပြန်လာသည်။ အိမ်တွင်ဖခင်ဖြစ်သူ ဦးငွေဝင်းက တစ်စုံတစ်ခုကို စဉ်းစားနေကြောင်း ယမင်းတွေ့လိုက်ရသည်။ ယမင်းက အဝတ်အစားလဲပြီး ပြန်လာသည်အထိ ဦးငွေဝင်းက ဆိုဖာပေါ်ထိုင်ကာ တွေးနေဆဲဖြစ်သည်။ ယမင်းက သမီးကိုဂရုမထားနိုင်လောက်အောင် တွေးနေသော ဖေဖေ့ထံကပ်ကာ မေးလိုက်သည်။

‘ဖေဖေ ဘာတွေစဉ်းစားနေတာလဲ’

‘သမီးပြန်လာတာသိပါတယ်။ ဖေဖေ့မွေးနေ့မှာ ဘုန်းကြီးကျောင်းဆွမ်းကပ်ရင် ကောင်းမလား၊ ရွာကိုလည်း ထမင်းကျွေးရင်ကောင်းမလား၊ ကုသိုလ်ဒါနတစ်ခုခုလုပ်ပေးရင် ကောင်းမလားစဉ်းစားနေတာ။ ခုထိမဆုံးဖြတ်ရသေးပါဘူး သမီးရယ်၊ ထိုက်ထိုက်တန်တန်နဲ့ အကျိုးရှိတာလေး လုပ်ပေးချင်လို့ပါ’

သမီးနဲ့အဖေစကားပြောနေစဉ် ဇနီးဖြစ်သူ ဒေါ်ချောချောပါ ရောက်လာသည်။

‘ကိုကိုကလည်း ကိုကိုတွေးတာ အကုန်ကောင်းပါတယ်။ တစ်ခုခုတော့ ဆုံးဖြတ်လိုက်ပါ။ မေကတော့ သဘောတူတယ်’

ဦးငွေဝင်း အတွေးများရှုပ်နေစဉ် အတွေးများကြည်လင်ကာ သတိရလာသူက ပေါ်လာသည်။ အခြားသူမဟုတ်၊ ယမင်းဖြစ်သည်။ ဦးငွေဝင်းက သမီးကြီးလည်းဖြစ် လိမ္မာရေးခြားရှိသော ယမင်းကို အလွန်ချစ်သူဖြစ်သည်။ သမီးကိုလည်း အလိုလိုက်သည်။ သို့ပေမဲ့ အရာရာတိုင်း အလိုမလိုက်၊ သဘာဝကျမှ လက်ခံသူဖြစ်သည်။

ခုမှသတိရတယ်။ သမီးတို့ကျောင်းမှာ နေ့တိုင်းကျောင်းသားတွေသုံးတဲ့ ရေတွေ၊ သောက်ရေတွေ အခက်အခဲဖြစ်နေလို့ ရပ်မိ၊ ရပ်ဖ ဦးကျော်ဟိန်းဆီမှာ နေ့တိုင်း ရေသွားခပ်ရတယ်။ ဦးကျော်ဟိန်း လှူပေးနေလို့ သူသာရေမပေးရင် သမီးတို့ကျောင်းသားတွေ ဒုက္ခရောက်ပြီ။ ဦးကျော်ဟိန်းကို ကျေးဇူးတင်ရတယ်။ ကျောင်းသားလေးတွေလည်း နေ့တိုင်းပင်ပန်းတယ်။ ကျောင်းသား၊ ကျောင်းသူတွေကလည်း သူတို့ကိုသနားကြတယ်။ ကျောင်းမှာ လှူပေးမဲ့လှူမရှိသလို ကျောင်းကလည်း ငွေအများကြီးကုန်မှာဆိုတော့ ဘယ်တတ်နိုင်ပါ့မလဲ’

သမီးဖြစ်သူ ယမင်း၏စကားကြောင့် ဦးငွေဝင်းတစ်ယောက် ခေါင်းထောင်လာသည်။ ရေမရှိရင် လူ၊ တိရစ္ဆာန်၊ သစ်ပင်များသာမက ကမ္ဘာလောကကြီးပါ ခြောက်ကပ်သွားနိုင်သည်။

ရေအကြောင်းစာအုပ်အတော်များများ ဖတ်ဖူးသည်။ ရေက လူ့ခန္ဓာကိုယ်တွင် ၆၅ ရာခိုင်နှုန်းပါဝင်နေသည်။ ခန္ဓာကိုယ်ထဲ ၁၅ ရာခိုင်နှုန်းလျော့ပါက သေဆုံးတတ်သည်။ လူတိုင်း နေ့စဉ်ရေဂါလန် ၂၀ သုံးစွဲနေရသည်။ ကမ္ဘာ့ရေထုတွင် ရေချိုသည် ၂ ဒသမ ၅ ရာခိုင်နှုန်း ရှိနေသည်။ မြန်မာပြည်ရှိ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမှရေချိုများသည် နေ့စဉ် ပင်လယ်အတွင်းသို့ ရေပမာဏ ဧကသန်းပေါင်း ၈၇၀ (ဂါလန်သန်းပေါင်း ၂၈၃၄၉၀) ခန့် စီးဝင်နေသည်မှာ နှမြောစရာကောင်းလှသည်။

ရေချိုများရှားလာသည်။ မြေအောက်ရေကို အကူအညီရယူသုံးစွဲနေရပေပြီ။ သည်ကြားထဲ စည်းကမ်းမဲ့သောလူများက ရေကိုသွန်ပစ်ကြသည်။ ရေပိုက်ပေါက်တာတွေ့ပေမဲ့ ပိုက်မဖာကြ။ အကယ်၍သာ ရေအရင်းအမြစ်များဆုံးရှုံးပါက လူသားများ ရေဒုက္ခတွေ့မည်မှာ မလွဲ။

ဦးငွေဝင်း ရေအကြောင်းပြန်လည် အမှတ်ရလာသည်။ ခုတော့ သမီးငယ် ယမင်း၏ကျေးဇူးကြောင့် ကျောင်းတွင် ရေလှူရန် တိမ်စင်လနှယ် အမြင်အာရုံများ ကြည်လင်ပြတ်သားခဲ့ပြီ ဖြစ်သည်။ ယမင်းလည်း ကျေနပ်နေပါသည်။ မနက်ဖြန်တွင် အလှူရှင် ဦးငွေဝင်း၏ ၆၃နှစ်ပြည့်တွင် မှတ်မှတ်ရရလည်းဖြစ်၊ ကျောင်းအတွက် ရေရှည်သုံးစွဲနိုင်စေရန်ရည်ရွယ်၍ ကျောင်းရေလိုအပ်ချက်အားဖြည့်ဆည်းပေးရန် ဆုံးဖြတ်ချက်ချနိုင်ခဲ့ပြီ ဖြစ်သည်။

ဦးငွေဝင်း၏လုပ်ငန်းကို မြို့မိ၊ မြို့ဖဖြစ်သူ ဦးမျိုးဝင်းနိုင်က လာရောက်ကြီးကြပ်ပေးသည် ရန်ကုန်စတိုးနှင့် အေးရိပ်မွန်အော်ဂဲနစ်စိုက်ပျိုးရေးမိသားစုဖြစ်သော ဦးငွေဝင်းက ကျောင်းအုပ်ဆရာမကြီးနှင့်တွေ့ကာ အခက်အခဲများကို မေးကြည့်မှ သူထင်ထားတာထက် ပိုခက်ခဲနေကြောင်း သိလိုက်ရသည်။ ကျောင်းဝင်းထဲ သင့်တော်သည့်မြေနေရာတွင် စက်ရေတွင်းတူးသည်။ ဒါရန်း အမျိုးအစား ၁ ကောင်ခွဲ ရေမော်တာ တစ်လုံးကို ငွေကျပ် ၈ သိန်းခွဲနှင့် ဝယ်သည်။ ရေကြည်ရေသန့် ရသည်အထိ ငွေကျပ် ၂၅ သိန်းကုန်သည်။

မပြီးသေး၊ ရေပိုက်သွယ်၊ လက်ဆေးကန် ၂ကန်၊ ရေသန့်စင်(၂) ခန်း ပြုပြင်ပေးသည်။

အလုပ်သမားငှားရမ်းခ အပါအဝင် ၆၂ သိန်းကျော်ကုန်ခဲ့သည်။ ဦးငွေဝင်းက သူ၏ ၆၃နှစ်ပြည့်မွေးနေ့တွင် လှူဒါန်းနိုင်ခဲ့၍ ဝမ်းသာနေသည်။ ယမင်းက ၅တန်းတွင် ကျောင်းတက်နေသူဖြစ်သည့်အပြင် စက်ရေတွင်း၊ ပိုက်လှူဒါန်းသူ ဦးငွေဝင်း၏သမီးဖြစ်ကြောင်းသိရ၍ အတန်းဖော် ယောက်ျားလေးများက ကျေးဇူးတင်ကြသည်။

‘ယမင်း နင့်ကိုကျေးဇူးတင်တယ်။ ငါဆို ရေဆွဲရလို့သန်မာလာတယ်။ ရေမသယ်ရတော့လည်း တို့အတွက် စာကျက်ချိန်ပိုတာပေါ့ဟာ။ နင့်ကို ကျေးဇူးတင်ပါတယ်။ တို့လိန်ပင်ရွာခြံက ငှက်ပျောသီးတစ်ဖီးယူလာတယ်’

‘ယမင်းရေ ကျေးဇူးတင်ပါတယ်။နင်တို့လှူပေးတာက တို့ရေသယ်တာအတွက် ပိုပြီးထိရောက်တယ်။ ရေလည်း မော်တာနဲ့တင်သလောက် အပြည့်ရတာပေါ့။ တို့နားမှာလုပ်တဲ့ ဘိန်းမုန့်က သိပ်ကောင်းတယ်။ နင့်ကို စားစေချင်လို့ဝယ်လာတာပါ’

(ဆက်လက်ဖော်ပြပါမည်။)



## (၁၁၉)ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲကျင်းပ၊ ဆွမ်းလောင်းလှူ

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၂လမ်း အင်းဘဲရပ်ရှိ အမိဌာန်အောင်ရွှေအံ့တော်ဘုရား (၁၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းကြီးလောင်းလှူပွဲကို ဇန်နဝါရီ ၁၅ရက် နံနက် ၅နာရီက ဓမ္မဗိမာန်ရှေ့တွင် ကျင်းပရာ သံဃာတော်(၁၇၅)ပါးတို့အား ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူခဲ့သည်။ ဆက်လက်၍ နံနက် ၁၀နာရီတွင် အမိဌာန်အောင်ရွှေအံ့တော်ဘုရား ဩဝါဒါစရိယနာယကဆရာတော်အမှူးပြုသော သံဃာတော် ၅ပါးအား ပင့်ဖိတ်၍ ငါးပါးသီလခံယူ ဆောက်တည်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

အခမ်းအနားသို့ အမိဌာန်အောင်ရွှေအံ့တော်ဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးဌေးကြွယ်၊ ဘဏ္ဍာရေးမှူး ဦးမြင့်သိန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

(အပေါ်ပုံ) (ဝ၄၅)

## မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် ပူးပေါင်းတို့ကာကွယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်တို့ကာကွယ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)တွင် ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးထက်ဇော်က ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။ ၎င်းနောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးစန္ဒာက အသိပညာပေး ဟောပြောပွဲကျင်းပခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် မြို့နယ်အတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသော တောမီးနှင့် အခြား အကြောင်းအမျိုးမျိုးတို့ကြောင့် မီးလောင်ကျွမ်းခြင်းတို့ကို ကာကွယ်နိုင်ရန်အတွက် အသိပညာပေး ဟောပြောခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး လေထုထဲတွင်ရှိသော အမှုန်အမွှားများအကြောင်း သိကောင်းစရာ Video Clipနှင့် Power point ဖြင့်ပြသခဲ့သည်။ ထို့နောက် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်တို့ကာကွယ် အသိပညာပေး လက်ကမ်းစာစောင်များအား ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေခဲ့ရာ အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီး ဦးစိန်ကျော်လှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါအသိပညာပေး ဟောပြောပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ ခရိုင်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးထက်ဇော်၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီး ဦးစိန်ကျော်လှိုင်နှင့် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)



## ဒေသထွက်တစ်သျှူးငှက်ပျောသီးဝိုင်နှင့် ဂရိတ်ဖရုဝိုင် ထုတ်လုပ်မှုနည်းပညာ လွှဲပြောင်း

**မြစ်ကြီးနား ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပြည်နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဒေသထွက်တစ်သျှူး ငှက်ပျောဝိုင်နှင့် ဂရိတ်ဖရုဝိုင် ထုတ်လုပ်မှုနည်းပညာ လွှဲပြောင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ရှိ ပြည်နယ်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသူရိန်လင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ ဆက်လက်ဖွင့်လှစ်ပေးသွားမည့် သင်တန်းများနှင့် သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့မှုအခြေအနေများအား ရှင်းလင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား ငှက်ပျောဝိုင်နှင့် ဂရိတ်ဖရုဝိုင်ထုတ်လုပ်မှုနည်းပညာများကို ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*



## ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး(Talk Show)ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အသိပညာပေး (Talk Show) ဆွေးနွေးပွဲကို လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ဇန်နဝါရီ ၁၅ရက် နံနက် ၁၁နာရီက ကျင်းပသည်။

အဆိုပါ (Talk Show) ဆွေးနွေးပွဲတွင် ငလျင်ဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ မြေငလျင်နှင့် မြေငလျင်အမျိုးအစားများ၊ မြေငလျင်လှိုင်းများအကြောင်း၊ မြန်မာနိုင်ငံရှိ စစ်ကိုင်းပြတ်ရွေ့ကြောများအကြောင်းနှင့် မြေငလျင်များ၏ နောက်ဆက်တွဲဆိုးကျိုးများစသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် အောင်မြေသာစံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းနိုင်တို့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။




(အပေါ်ပုံ)

ချမ်းမြေ့

*-*-*-*-*

## စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး နယ်လှည့်ကွင်းဆင်း ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အထဖြစ်ပေါ်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၁ နာရီက နတ်ရွာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးနိုင်လင်းက အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများကို အတန်းပညာသာမက ပြင်ပဗဟုသုတများရရှိစေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုစေလိုကြောင်း၊ စာဖတ်ခြင်းကြောင့်ရရှိလာသော အကျိုးကျေးဇူးများ၊ အရွယ်မရောက်သေးသည့် ကလေးငယ်များအား မတရားအလုပ်စေခိုင်းမှုမှ ကာကွယ်ရန် စသည့်အကြောင်းအရာများကို အသိပညာပေး ဟောပြောသည်။



ဆက်လက်၍ နတ်ရွာကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် မိဘများအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းဆပ်ကော်မတီမှ ထုတ်ဝေထားသော "ဖန်ခါးမြေ" ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

ခနွဲ့ဝင်း(ဆင်ပေါင်ဝဲ)

*-*-*-*-*

## ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ) အတွင်းယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

# ပုပ္ပားတောင်ကလပ်ကျေးရွာတွင် မီးဘေးလုံခြုံရေးနှင့် စစ်ဆေးအသိပညာပေးခြင်းများဆောင်ရွက်



**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၈**

ပွင့်လင်းရာသီကာလတွင် မီးလောင်မှုမဖြစ်ပွားစေရေးနှင့် မီးဘေးကြိုတင် တားဆီးကာကွယ်ရေး အသိရှိကြစေရန်အတွက်၊ မီးဘေးလုံခြုံရေးနှင့် အသိပညာပေးခြင်း၊ စစ်ဆေးခြင်းလုပ်ငန်းများကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆောင်၍ ပုပ္ပားကျေးရွာအုပ်စု၊ တောင်ကလပ်ကျေးရွာ တောင်ကလပ်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်နည်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်က ပညာပေးဟောပြောရာတွင် မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းအရာများ၊ မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားသင့်သည်များနှင့် မီးလောင်မှုဖြစ်ပွားလာပါက အရေးပေါ်မီးငြိမ်းသတ်နိုင်သည့်နည်းလမ်းများ၊ လိုအပ်ပါက မီးသတ်ဦးစီးဌာနသို့ အလျင်အမြန်ဆက်သွယ်ဆောင်ရွက်ရမည့် ဖုန်းနံပါတ်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် သန္နွေတပ်ဖွဲ့ဝင်များက အရေးပေါ်မီးငြိမ်းသတ်နည်းများဖြစ်သည့် ဆီမီးလောင်မှုငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးအသုံးပြု မီးငြိမ်းသတ်နည်းများကို တက်ရောက်လာသူများအား သရုပ်ပြသ၍ လက်တွေ့ပါဝင်ဆောင်ရွက်စေသည်။ ယင်းနောက် မီးသတ်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် တောင်ကလပ်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ဈေးဆိုင်တန်းများတွင် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မီးသတ်ဆေးဘူးများ သက်တမ်းမှန်ကန်မှုရှိ၊ မရှိနှင့် အရေးပေါ် မီးသတ်ရေကန်များတွင် ရေလုံလောက်မှုရှိ မရှိ အရေးပေါ် မီးသတ်ရေတိုင်များမှ လက်တွေ့အသုံးချနိုင်မှု ရှိ၊ မရှိတို့ကို လှည့်လည်စစ်ဆေးခြင်း၊ အကြံဉာဏ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ (ဝဲပုံ)

အဆိုပါ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်နည်းများ သရုပ်ပြသခြင်းကို၊ တောင်ကလပ်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ တောင်ကလပ်စောင်းတန်းဈေးသည်များ၊ သစ်တောဝန်ထမ်းများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ကြကြောင်းသိရပြီး အရေးပေါ်မီးငြိမ်းသတ်နည်းများကို စိတ်ပါဝင်စားစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၄၅၆)**



# ပညာအလင်းရောင် တိုးမြှင့်ထွန်းညှိရေးပရဟိတမှ ဘာသာရပ်ထူးချွန်ပြိုင်ပွဲ ကျင်းပ

**သရက် ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာအလင်းရောင်တိုးမြှင့်ထွန်းညှိရေးပရဟိတမှ ဘာသာရပ်ထူးချွန်ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီက အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ကျောင်းသား၊ ကျောင်းသူများ၏ ဘာသာရပ်ထူးချွန်ပြိုင်ပွဲကို သရက်မြို့ သာသနာ့အလင်းရောင်ကျောင်းတိုက်ဆရာတော် ဦးဉာဏိန္ဒ လျှူဒါန်းတည်ထောင်ထားသော ပညာအလင်းရောင် တိုးမြှင့်ထွန်းညှိရေးပရဟိတအဖွဲ့က မြို့နယ်ပညာရေးဌာနနှင့် ညှိနှိုင်း၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာ အလယ်တန်းအဆင့် (နဝမတန်း)မှ ဘာသာရပ်များဖြစ်သော မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သင်္ချာ ဘာသာရပ်များကို ကျောင်းသား၊ ကျောင်းသူများက ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်နေ့များတွင် ဖြေဆိုသွားကြမည်ဖြစ်သည်။

အဆိုပါ ဘာသာရပ်ထူးချွန်ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်မှာ သရက်မြို့၏ ပညာရေးပုံရိပ်ပိုမိုလှပနိုင်ရေး၊ အလယ်တန်းအဆင့်အတွက် အထောက်အကူပြုနိုင်ရေးတို့ကို ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် မြန်မာစာဖြေဆိုသူ ၃၉ ဦး၊ အင်္ဂလိပ်စာဖြေဆိုသူ ၃၂ ဦး၊ သင်္ချာဖြေဆိုသူ ၃၂ ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။

**ဇော်ဝင်းထွန်း(အောင်လံ)**

# စာဖတ်ရှိန်မြှင့်တင်ရေး လှူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**လယ်ဝေး ဇန်နဝါရီ ၁၈**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ အင်ပု၊ အခြေခံပညာ အလယ်တန်းကျောင်းတွင် ယမန်နေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများ ကျင်းပခဲ့သည်။ ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် သုတရသစာပေများအကြောင်း အသိပညာပေးဆွေးနွေးဟောပြောသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်နှင့် စာအုပ်များအား ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရှားစောင်းလက်ပပ်ပင်များ စိုက်ခင်းပြတ် ဝယ်ယူသူများကြောင့် ဈေးကောင်းရရှိနေ

**မန္တလေး ဇန်နဝါရီ ၁၈**

ရှားစောင်းလက်ပပ်ပင်များအား စားသောက်ကုန်အဖြစ် ထုတ်လုပ်ရန်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရန်အတွက် စိုက်ခင်းပြတ် ဝယ်ယူမှုများရှိနေခြင်းကြောင့် ဈေးကောင်းရရှိနေကြောင်း အဆိုပါအပင်စိုက်ပျိုးသူများထံက သိရသည်။

စိုက်ခင်းတစ်ခု(ပေ ၄၀-၆၀) လျှင် ယခင်နှစ်များက ကျပ်နှစ်သောင်းခွဲခန့်သာရောင်းချခဲ့ရာမှ ယခုအခါ လေးသောင်းခွဲကျပ်အထိ ရောင်းချနေရကြောင်း သိရသည်။

"စိုက်ပျိုးရာမှာလည်း သိပ်ပြီး ကုန်ကျစရိတ်မရှိဘူး၊ အပင်ဖြစ်လည်းမြန်တယ်၊ မြေလည်း မရွေးတဲ့အတွက် မြေပိုရှိတဲ့သူတွေ စိုက်ပျိုးကြတယ်၊ အရင်တုန်းကတော့ ဝယ်ယူသူကိုလိုက်ရှာရတယ်၊ အခုနှစ်တွေမှာတော့ လိုက်ရှာစရာမလိုတော့ဘဲ ဝယ်ယူသူကိုယ်တိုင် အခင်းအထိလိုက်ဝယ်ယူကြတယ်၊ ဈေးကောင်းလည်းရလာပါတယ်"ဟု ရှားစောင်းလက်ပပ်ပင်စိုက်ပျိုးသူတစ်ဦးက ပြောသည်။

ရှာစောင်းလက်ပပ်အား တိုင်းရင်းဆေးဝါးမျိုးစုံနှင့် အလှကုန်၊ လူသုံးကုန်ပစ္စည်းများ အဖြစ်သို့ Value added (အဆင့်မြင့်ထုတ်ကုန်)အဖြစ် ထုတ်လုပ်နိုင်ကြောင်း၊ စိုက်ခင်းပြတ်ရောင်းချခြင်းမျိုးမလုပ်ဘဲ အပင်တွင်းမှ အနှစ်များကိုထုတ်ကာ အပင်လိုက်၊ အခင်းလိုက်ရောင်းချခြင်းမျိုးကိုလည်း ရောင်းချနိုင်ကြောင်း သိရသည်။

"ရှားစောင်းပင်ကို နတ်ဆေးပင်လို့လည်း ခေါ်ကြတယ်၊ အစိမ်းစားမလား၊ မျက်နှာပေါင်းတင်ဖို့ပဲဖြစ်ဖြစ် လုပ်လို့ရတယ်၊ ဘေးထွက်ဆိုးကျိုးမရှိဘဲ စားသုံးလို့လည်းရ ဆေးဖက်လည်းဝင်တဲ့ အပင်အမျိုးအစားဖြစ်တယ်၊ အခုဆိုရင် ဈေးကွက်ထဲမှာ ရှားစောင်းလက်ပပ်ထုတ်ကုန်တွေကိုလည်း တော်တော်များများ ရောင်းချနေကြပါပြီ"ဟု ၎င်းက ပြောသည်။

နွေရာသီတွင် ရှားစောင်းပင်အတွင်းရှိ အနှစ်ထွက်ရှိမှုနည်းပါးပြီး ဆောင်းရာသီနှင့် မိုးရာသီတွင် အပင်အတွင်းရှိ အနှစ်ထွက်ရှိမှုများပြားကြောင်း၊ နေရောင်ခြည်လုံလောက်စွာရရှိပြီး ရေမဝပ်သောမြေအမျိုးအစားတွင် အများဆုံးစိုက်ပျိုးသင့်ကြောင်း၊ အက်ဆစ်ချဉ်ဓာတ်နည်းပါးပြီး အယ်လ်ကာလီများသော မြေအမျိုးအစားကို နှစ်သက်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဂ)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၁၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "သန်းလှိုင် သန်းလှိုင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၆)ရပ်ကွက်နေ သန်းဇော်အား နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| စတုဂတ် | ၄ | ၀ | ဖရိုင်းဘတ် |
| ဘိုင်ယန်မြူးနစ် | ၃ | ၂ | ဝုဖ်ဘတ် |
| ဟိုင်ဒင်ဟိမ်း | ၀ | ၂ | စိန့်ပေါလီ |
| ဘိုချန် | ၃ | ၃ | လိုက်ပဇစ် |
| ဟော်စတိုင်း | ၁ | ၃ | ဟော်ဖန်ဟိမ်း |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဘိုလော့ညာ | ၃ | ၁ | မွန်ဇာ |
| ဂျူဗင်တပ် | ၂ | ၀ | အေစီမီလန် |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| လန်းစ် | ၁ | ၂ | ပီအက်စ်ဂျီ |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဂျီရိုနာ | ၁ | ၂ | ဆီဗီလာ |
| လီဂါနက်စ် | ၁ | ၀ | အက်သလက်တီကို |

| ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| နယူးကmaterial ဆယ် | ၁ | ၄ | ဘုန်းမောက် |
| ဘရန့်ဖို့ဒ် | ၀ | ၂ | လီဗာပူး |
| လက်စတာ | ၀ | ၂ | ဖူလ်ဟမ် |
| ဝက်စ်ဟမ်း | ၀ | ၂ | ခရစ္စတယ်ပဲလေ့စ် |

# အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ စံပယ်အိမ်ရာ၊ ၁၄(D)၊ အမှတ်(၅၀)နေ အဘ ဦးတိတ်ဝမ်၏ သမီး ဒေါ်ဂျူး(ခ)ဒေါ်ဇူလိုင်အေး (၁၂/မဘန(နိုင်)၁၁၄၉၂၃)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဂျူး(ခ)ဒေါ်ဇူလိုင်အေးနှင့် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ လမ်း၃၀၊ အမှတ်(၆၂)နေ အဘ ဦးစိန်မောင်(ခ) လင်တာစုမ်း၏သား ဦးရွှေ(ခ)ဦးမောင်ရွှေ (စိန်မောင်စတိုး)(၉/ခအဇ(နိုင်)၀၀၀၆၆၇)တို့သည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးရှေ့မှောက်တွင် (၆-၆-၂၀၂၄)ရက်က တရားဝင်လက်ထပ်ခဲ့ရာ ယနေ့တိုင်ဖြစ်ပါသည်။ ဦးရွှေ(ခ)ဦးမောင်ရွှေတွင် ယခုအခါ၌ တရားဝင်ဇနီးအဖြစ် ဒေါ်ဂျူး(ခ)ဒေါ်ဇူလိုင်အေး တစ်ဦးတည်းသာရှိပါသည်။

ဦးရွှေ(ခ)ဦးမောင်ရွှေသည် ဒေါ်ဂျူး(ခ)ဒေါ်ဇူလိုင်အေး မသိဘဲ ၎င်း၏တူ မောင်ကောင်းမြတ်ညီညီ(၉/မကန(နိုင်)၁၂၅၉၃၈)(ဘ)ဦးနီနီအား ကိတ္တိမသားအဖြစ် မွေးစားခဲ့သည်ဟု နောက်ပိုင်းတွင် သိရပါသည်။ လင်မယားနှစ်ဦးပေါင်းသင်းနေစဉ် ဦးရွှေ(ခ)ဦးမောင်ရွှေ တစ်ဦးတည်းက မွေးစားခြင်းသည် ဥပဒေအရ မွေးစားသားအဖြစ် အတည်မဖြစ်ပါ။ မူလကတည်းကပင် ပျက်ပြယ်သော မွေးစားခြင်းသာ ဖြစ်ပါသည်။

ဦးရွှေ(ခ)ဦးမောင်ရွှေနှင့် ဒေါ်ဂျူး(ခ)ဒေါ်ဇူလိုင်အေးတို့ ပေါင်းသင်းစဉ် မန္တလေးမြို့တွင် မြေကွက်(၁၀)ကွက်နှင့် နေပြည်တော်တွင် မြေကွက်(၁)ကွက် ရှိပါသည်။

၎င်းမြေကွက်(၁၁)ကွက်သည် ဦးရွှေ(ခ)ဦးမောင်ရွှေနှင့် ဒေါ်ဂျူး(ခ)ဒေါ်ဇူလိုင်အေးတို့ လင်မယားနှစ်ဦးပိုင်သာ ဖြစ်ပါသည်။ ယင်းမြေကွက်များအား ဒေါ်ဂျူး(ခ)ဒေါ်ဇူလိုင်အေး၏ သဘောတူခွင့်ပြုချက်မရဘဲ ဦးရွှေ(ခ)ဦးမောင်ရွှေတစ်ဦးတည်းက ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်းများ ပြုလုပ်လျှင် ဥပဒေအရ အတည်မဖြစ်သဖြင့် လိုအပ်ပါက ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဤသတင်းစာတွင် ကြေညာခြင်းမပြုမီက ဦးရွှေ(ခ)ဦးမောင်ရွှေ တစ်ဦးတည်းက ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်လျှင်လည်း ဥပဒေအရ အတည်မဖြစ်ပါ။ ဤသတင်းစာပါကြေညာသည့်ရက်၏ နောက်ပိုင်းတွင် ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ပါကလည်း ဥပဒေအရ အတည်မဖြစ်၍ ရောင်းမှား၊ ဝယ်မှား၊ လွှဲပြောင်းခြင်းအမှား၊ ပေးကမ်းခြင်းအမှား၊ ပေါင်နှံခြင်းအမှားများ မဖြစ်စေရန်အတွက် အများသိစေရန် ကြိုတင်သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**(မလှိုင်) ဦးခင်မောင်ဆွေ**

**(LL.B, Dip in Business Law)**

**(စဉ်-၅၆၈၂)၊ တရားလွှတ်တော်ရှေ့နေ**

**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်သီဂီမြင့်(စဉ်-၁၁၂၃၄) (LL.B, D.I.L, D.B.L)**

**ဒေါ်အိအိသဲအောင်(စဉ်-၁၇၄၃၇) (LL.B, D.B.L)**

**ဦးသန်းစိုးလှိုင်(စဉ်-၁၈၅၇၆) (LL.B)**

**အထက်တန်းရှေ့နေ**

**ဒေါ်နီဖွေးသော်တာမြင့်(စဉ်-၅၂၆၆၉) (LL.B)**

**အခန်း(၄)၊ တိုက်(ဂျေ)၊ ၃၇(ဒီ)လမ်း၊ လမ်း၆၀နှင့် ၆၂လမ်းကြား၊ ရတနာတိုင်းပြည်အိမ်ရာဝင်း၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၀၉၄၈၃၊ ၀၉-၇၇၂၀၀၉၄၈၃**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(D)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ (ပေ ၆၀ × ၄၅ ပေ) အကျယ်အဝန်းရှိ ဒေါ်လှထွန်း အမည်ဖြင့်ချထားရရှိသော မြေကွက်အတွင်းမှ အလယ်ခြမ်း ဧရိယာ (၂၅ ပေ × ၄၅ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာ အရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ်အဆင့်ဆင့် နှင့် နိုတြီကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူ၍ တရားဝင် လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သော(၁)ဦးကျော်ထက်နိုင်(ဘ)ဦးတင်မောင်(၁၃/နဆန(နိုင်) ၀၁၁၄၀၃) နှင့် ဒေါ်နုနုဝင်း(ဘ)ဦးမြင့်ဦး(၅/ကနန(နိုင်)၀၇၃၀၉၁) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** **ဦးနေလင်း(LL.B)** **ဒေါ်လင်းလင်းအောင်(LL.M)**

**(တရားလွှတ်တော်ရှေ့နေများ)**

**၃၂လမ်း၊ ၇၅လမ်းနှင့်၇၆လမ်းကြား၊ မောရဂီဝါရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း>၀၉-၂၀၆၂၉၈၆၊ ၀၉-၄၀၂၇၂၄၂၈၉**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀)၊ မြေကွက်အမှတ်(၂-က)၊ မြေချိန်ဧရိယာ(၃ ဒသမ ၉၂၅)ဧကနှင့် မြေကွက်အမှတ်(၂-ခ)၊ မြေချိန်ဧရိယာ(၁ ဒသမ ၆၀၈)ဧက၊ စုစုပေါင်း မြေချိန်ဧရိယာ(၅ ဒသမ ၅၃၃)ဧကရှိသည့် ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် **Garden City Apartment Complex** အတွင်းရှိ တိုက်အမှတ်(၂)၊ (၄)လွှာ၊ အခန်းအမှတ်(၁)၊ အိပ်ခန်း(၃)ခန်းပါရှိသည့် အကျယ်အဝန်း(၉၂၅) စတုရန်းပေရှိသော (မပြင်ဆင်ရသေး) **Apartment** တိုက်ခန်းသည် **Ownership Certificate No.0329** ဖြင့် ဒေါ်လှဲ့ယဉ်ဝေဖြိုးသူ(ဘ)ဦးကျော်မြင့်(၉/ကပတ(နိုင်)၁၇၇၁၆၇)မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသော **Apartment** တိုက်ခန်းဖြစ်ပါသည်။ ယင်း **Apartment** တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်လှဲ့ယဉ်ဝေဖြိုးသူ(ဘ)ဦးကျော်မြင့်(၉/ကပတ(နိုင်)၁၇၇၁၆၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သန်းဆွေဦး (LL.B)** | **ဒေါ်ဝါဝါအောင် (LL.B)** | **ဒေါ်စင်မာဇော (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ဖိုးလမင်းအိမ်ခြံမြေကုမ္ပဏီ**

**၃၃လမ်း၊ ၇၆လမ်းနှင့်၇၇လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၇၃၃၁၁၅၊ ၀၉-၄၃၆၅၀၀၀၀**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀)၊ မြေကွက်အမှတ်(၂-က)၊ မြေချိန်ဧရိယာ(၃ ဒသမ ၉၂၅)ဧကနှင့် မြေကွက်အမှတ် (၂-ခ)၊ မြေချိန်ဧရိယာ(၁ ဒသမ ၆၀၈)ဧက၊ စုစုပေါင်း မြေချိန်ဧရိယာ(၅ ဒသမ ၅၃၃)ဧကရှိသည့် ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် **Garden City Apartment Complex** အတွင်းရှိ တိုက်အမှတ်(၉)၊ (၂)လွှာ၊ အခန်းအမှတ်(၆)၊ အိပ်ခန်း(၃)ခန်းပါရှိသည့် အကျယ်အဝန်း(၉၂၅) စတုရန်းပေရှိသော (ပြင်ဆင်ပြီး) **Apartment** တိုက်ခန်းသည် **Ownership Certificate No.0647** ဖြင့် ဦးစိုင်းအောင်နိုင်မြင့်(ဘ)ဦးတင်ရွှေ(၉/ခအဇ(နိုင်)၀၂၆၁၅၈)ကိုင်ဆောင်သူ၏ အမည်ပေါက် **Apartment** တိုက်ခန်းဖြစ်ပါသည်။ ယင်း **Apartment** တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်လျက်ရှိသူ ဦးစိုင်းအောင်နိုင်မြင့်(ဘ)ဦးတင်ရွှေ(၉/ခအဇ(နိုင်)၀၂၆၁၅၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သန်းဆွေဦး (LL.B)** | **ဒေါ်ဝါဝါအောင် (LL.B)** | **ဒေါ်စင်မာဇော (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ဖိုးလမင်းအိမ်ခြံမြေကုမ္ပဏီ**

**၃၃လမ်း၊ ၇၆လမ်းနှင့်၇၇လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၇၃၃၁၁၅၊ ၀၉-၄၃၆၅၀၀၀၀**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၇)၊ ဦးပိုင်အမှတ်(၂၆)၏ အနောက်ဘက်ခြမ်း၊ ( ပေ ၂၀ × ပေ ၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် အဆိုပါဂရန်မြေပေါ်ရှိ ထရံကာ၊ ကပ်မိုး(၂)ခန်းပတ်လည် အိမ်၊ အဝီစိရေတွင်း၊ အိမ်သုံးလျှပ်စစ်မီတာ(ဆက်လက်သုံးစွဲပိုင်ခွင့်)တို့သည် ဦးကျော်မောင် အမည်ပေါက်ရှိပြီး စာချုပ်အဆင့်ဆင့်ဖြင့် ဒေါ်နန်းကလျာ(ဘ)ဦးအုန်းမောင်(၉/ခမစ(နိုင်)၀၁၉၃၉၄)က ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းက လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ၎င်းထံမှကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလှသန်း** | **ဒေါ်ကြည်စာလင်း** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**အပိုင်း(၁၁)၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၃၀၆၊ ၀၉-၉၆၂၀၁၉၃၀၆**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကို ပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ် ...

❖ ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမားအကြမ်းဖက်များပင်ဖြစ် ...

❖ အခြားဒေသတွင် နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်းမရှိ ...

❖ ဥပမာပေးရမည်ဆိုပါက "အရိပ်နေနေ၊ အခက်ချိုးချိုး" ပြုလုပ်နေသူများဖြစ် ...

❖ ၎င်းကဲ့သို့ အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျောက်ပုံကုန်းကျေးရွာရှိ UK ကြက်သွန်ကြော်လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ကြမ်းသေချာမှုရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကိုအသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောများဖြစ်အောင် ဆောင်ရွက်ကြရန် လမ်းညွှန်မှုပြုထားကြောင်း၊ UK ကြက်သွန်ကြော်လုပ်ငန်းသည် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်၍ အောင်မြင်အောင် ကြိုးစားကြစေလိုကြောင်း၊ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက်လည်း ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်၍ လုပ်ငန်းရှင်များကို ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း၊ ချေးငွေရရှိပြီးသော လုပ်ငန်းရှင်များအနေဖြင့် ရရှိသောချေးငွေများကို MSME များတွင်သာ မှန်မှန်ကန်ကန် ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း ပြောကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် သာစည်မြို့နယ် ကူဖြူကျေးရွာရှိ တောင်သူ ဒေါ်မွန်မွန်ဌေး စိုက်ပျိုးထားသည့် ဖြစ်ထွန်းအောင်မြင်နေသော ကြက်သွန်နီစိုက်ခင်းအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်



## ရခိုင်ယူနိုက်တက်ကို အနိုင်ယူကာ အဆင့် ၆ သို့ တက်ရောက်ခဲ့သည့် ရတနာပုံ



Myanmar National League 2024-2025 အမှတ်ပေး ဘောလုံးပြိုင်ပွဲ (Week-16) ပွဲစဉ်တစ်ပွဲအဖြစ် ဇန်နဝါရီ ၁၈ ရက် ညနေပိုင်းက သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ကစားခဲ့ကြပြီး ရတနာပုံအသင်းက လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရတနာပုံအသင်းသည် ပွဲချိန် ၅ မိနစ်တွင် ဦးဆောင်ဂိုး စတင်ရခဲ့ပြီး စိုးမင်းဦးက သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုခဲ့ရသည့် ရခိုင်ယူနိုက်တက်အသင်းသည် ချေပဂိုး ပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ပြီး ပွဲချိန် ၁၅ မိနစ်တွင် ချေပဂိုးရခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးကို မွန်ကာလူးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၂၅ မိနစ်တွင် ရခိုင်ယူနိုက်တက်အသင်းမှ ဦးဆောင်ဂိုး ထပ်မံရခဲ့ပြီး တိုက်စစ်မှူး သန်းကျော်ဌေးက သွင်းယူပေးခဲ့သည်။ ပထမပိုင်းအပြီးတွင် ရခိုင်ယူနိုက်တက် အသင်းက ၂ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်းသည် တန်ပြန်တိုက်စစ်မှတစ်ဆင့် ရတနာပုံအသင်းကို အကောင်းဆုံး တုံ့ပြန်ကစားခဲ့ပြီး ရတနာပုံအသင်းသည် ဂိုးရမည့် အခွင့်အရေးအများအပြားရရှိသော်လည်း အသုံးမချနိုင်ခဲ့ပေ။

ဒုတိယပိုင်း ပွဲချိန် ၅၆ မိနစ်တွင် ရတနာပုံအသင်းမှ ချေပဂိုး ပြန်လည်ရခဲ့ပြီး တိုက်စစ်မှူး ပြည်မိုးက ခေါင်းတိုက် သွင်းယူပေးခဲ့သည်။ ပွဲချိန် ၆၈ မိနစ်တွင် ရခိုင်ယူနိုက်တက် ကွင်းလယ်ကစားသမား သက်ထွန်းအောင်သည် ရတနာပုံတိုက်စစ်မှူး ပြည်မိုးကို ဆွဲထားသည့်အတွက် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ခံခဲ့ရသည်။ ပွဲချိန် ၇၂ မိနစ်နှင့် ၈၃ မိနစ်တို့တွင် ရတနာပုံအသင်းမှ ဦးဆောင်ဂိုးများ ရရှိခဲ့ပြီး ယင်းဂိုးများကို လူစားဝင်လာသည့် ကြည်စိုး တစ်ဦးတည်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် ရတနာပုံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ယနေ့ နိုင်ပွဲကြောင့် ရမှတ် ၂၂ မှတ်ရရှိခဲ့ပြီး အဆင့် ၇ နေရာမှ အဆင့် ၆ သို့ တက်ရောက်ခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ရမှတ်ခြောက်မှတ်ဖြင့် အဆင့် ၁၁ တွင် ဆက်လက်ရပ်တည်နေသည်။ (NGB)


Mandalay City Development Committee MANDALAY

• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။